ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့ (15-5-2015) (၈၂၀၁)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

" ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရေးအတွက် ထူးချွန်လူငယ်များအား ပြည်ပပညာတော်သင် စေလွှတ်သင်ကြားနိုင်ရေးဆွေးနွေး "

စာမျက်နှာ » ၃



Eiiawmorw 0;oe;pe lopalw;v Eii tajcpu 0'quurPr traqmi t&m&cdyEi 0;aqmi ñe lum;a&;rl; rpwm ywmu;vre;tm; vucawqp0/ (owi;p0)

## ယခုနှစ်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက ဟိုတယ်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံထိ ရင်းနှီးမြှုပ်နှံမည်ဟု မျှော်မှန်းထား

သုတ

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုက ဟိုတယ်ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြင့်တက်လာစေသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ရောက်ရှိလာခဲ့ကြောင်း မြန်မာအခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီ Hoang Anh Gia Lai Myanmar နှင့် စပိန်နိုင်ငံမှ Melia Hotels International တို့ကြား လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

## နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို အဆိုပါရက် ညနေ ၃ နာရီ မိနစ် ၂၀ မှ စတင်ပြီး MRTV News Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ကြေးမုံစာတည်းရှုထောင့် ၁၅-၅-၂၀၁၅၊ သောကြာနေ့

# လူသားတို့အတွက် လူ့စွမ်းရည်

ကမ္ဘာဦးကာလမှသည် မျက်မှောက်ကာလထိတိုင် လူတို့သည် ရေကြည်ရာမြက်နုရာဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြသည့် အလေ့အထ ရှိသည်။ သက်ရှိလူသားများအားလုံး၏ သဘာဝဟုလည်းဆိုနိုင်သည်။ ဤသို့ဖြင့် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုစကားတွင်လာသည်။ တစ်ဖက်တွင် "သေမည့်ကျား တောပြောင်း"ဆိုစကားကလည်း သတိပေးစကားအနေဖြင့် ထက်ကြပ်ပါလာသည်။ ထို့အပြင် "အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်" စကားကလည်း ကြုံတွေ့ကြရသောဒုက္ခများကို သင်ခန်းစာထုတ်၍ စကားပုံတစ်ခုဖြစ်လာသည်။

တစ်နေရာနှင့်တစ်နေရာ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းကြရာတွင် တိရစ္ဆာန်များဆိုလျှင် အုံနှင့်ကျင်းနှင့် စုဖွဲ့ပြောင်းရွှေ့တတ်ကြသည်။ တစ်ကောင်စ၊ နှစ်ကောင်စ ခွဲထွက်ကြရိုး ထုံးစံမရှိချေ။ လူသားတို့ဘဝတွင်ကား သဘာဝဘေးကဲ့သို့ ဘေးဒုက္ခအမျိုးမျိုးမှလွဲ၍ ပြောင်းရွှေ့ထွက်ခွာမှုမျိုး မရှိသလောက်ရှားသည်။ မိသားစုအနေဖြင့် မိမိအခြေအနေအလိုက် မိမိနေရပ်မှ တစ်ဦးချင်းပြောင်းရွှေ့တတ်ကြသည်။

မိမိတို့မွေးဖွားကြီးပြင်း နေထိုင်ရာဒေသကို ခင်မင်တွယ်တာတတ်သူလူသားများမှာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားလာစွန့်စားမှုမျိုးကို အမှန်စင်စစ် မနှစ်သက်ကြပေ။ ထိုသို့စွန့်ခွာလျှင်လည်း "ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့" ဟူ၍လည်း ဆိုတတ်ကြသည်။ ဒေသစွဲနှင့် နေထိုင်တတ်ကြသည့် တစ်ချိန်က လူသားများ၏ ပင်ကိုစိတ်ရင်းများပင် ဖြစ်သည်။

ယခုနည်းပညာခေတ်နှင့်အတူ အဆိုပါအပြုအမူများမှာ ပြောင်းလဲသွားခဲ့ပြီ။ သတင်းစီးဆင်းမှုမြန်ဆန်လွန်းသော နည်းပညာခေတ်ကြီးဝယ် ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်ပြီး ရေကြော မြေကြောကျုံ့လာသည်။ မိမိတို့နေထိုင်ရာနေရာထက် ပိုမိုကောင်းမွန်သော လုံခြုံစိတ်ချ ဖွံ့ဖြိုးတိုးတက်သည့် နေရာဒေသသစ်များကို ရှာဖွေတတ်လာသည်။ မိမိတို့ကြားသိနေရမှုများက မိမိတို့ဘဝအတွက် ရွေးချယ်စရာနေရာများဖြစ်လာသည်။

တစ်ဖက်တွင် မိမိတို့ပတ်ဝန်းကျင်နေရာများ၏ အခက်အခဲနှင့် အဆင်မပြေမှုများက စွန့်စားသွားလာရန်အတွက် တွန်းအားများဖြစ်လာသည်။ ယနေ့ကမ္ဘာတွင် ပင်လယ်ရပ်ခြားဒေသများသို့ စွန့်စားသွားလာ ပြောင်းရွှေ့နေထိုင်လာကြမှုများက သက်သေပြလျက်ရှိသည်။

လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ၅၄ ရာခိုင်နှုန်းမှာ မြို့ပြတွင် နေထိုင်ကြပြီး လာမည့် ဆယ်စုနှစ် သုံးခုကျော်ကာလအတွင်း ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှုမှာ ၆၆ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း၊ ယင်းကဲ့သို့ ပြောင်းရွှေ့နေထိုင်မှုများလာနိုင်သည့် နိုင်ငံများမှာ အာရှနှင့် အာဖရိကမှဖြစ်နိုင်ကြောင်း လူဦးရေစစ်တမ်းတစ်ခုတွင် ဆိုထားသည်။

မြန်မာနိုင်ငံတွင်လည်း မြို့ပြနှင့် ကျေးလက်လူဦးရေအချိုးသည် ၃၀ အချိုး ၇၀ ဟု အကြမ်းဖျင်းဆိုကြသော်လည်း ယခုအနေအထားများကြောင့် ပြောင်းပြန်ဖြစ်သွားနိုင်သည်။ လက်ရှိအခြေအနေတွင် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများ၌ လူဦးရေတိုးတက်လာမှုများက အထက်ပါအတိုင်း ခန့်မှန်းထားသော မြို့ပြလူဦးရေနှုန်းထားသို့ မရောက်နိုင်သည့်တိုင် မြို့ပြလူဦးရေ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်နေသည်မှာ သေချာပါသည်။ မြန်မာနိုင်ငံရှိမြို့ကြီးများတွင် ၁၉၈၀ ခုနှစ်က ရှိခဲ့သည့်လူဦးရေထက် ယခုအခါ နှစ်ဆခန့်တိုးတက်လာကြောင်း လူဦးရေပြောင်းလဲမှုနှင့် မျိုးဆက်ပွားစစ်တမ်းများအရ သိရသည်။

မည်သို့ပင်ဖြစ်စေ "စီးသည့်ရေ ဆယ်သည့်ကန်သင်း"ဆိုစကားအတိုင်း တိုးပွားလာသည့် မြို့ပြလူဦးရေနှင့်အတူ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကိုလည်း စနစ်တကျရှိပါမှ တော်ကာကျမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက လူမှုရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးမှအစ မြို့ပြများအတွက် အခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုးများဖြစ်လာမည်မှာ သေချာပါသည်။

၂၁ ရာစု၏ လူဦးရေပျံ့နှံ့မှုနှင့် အချိုးမညီမှုကို မြို့ပြရပ်ဝန်းများက ရှောင်လွှဲမရဘဲ ရင်ဆိုင်ဖြေရှင်းကြရပါမည်။ ဤသည်ပင် သဘာဝအရဖြစ်တည်လာသည့် လူသားများ ရှင်သန်တိုးတက်ဖြစ်ထွန်းမှုကို အန်တုဖြေရှင်းနိုင်သည့် လူသားစွမ်းရည်များဟု ဆိုရမည်ဖြစ်သည်။ ။



## လမ်းဆုံမီးပွိုင့်ပျက်နေ၍ ပြည်သူတစ်ဦးက ဝင်ရောက်ယာဉ်ထိန်းပေး

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ယခုရက်ပိုင်းတွင် လျှပ်စစ်မီးပြတ်တောက်မှု မကြာခဏဖြစ်ပေါ်လျက်ရှိနေပြီး လျှပ်စစ်မီးပျက်နေချိန်တွင် ယာဉ်ထိန်းရဲမရှိသည့် လမ်းဆုံလမ်းခွမီးပွိုင့်များ၌ ယာဉ်မောင်းသူများက အပြိုင်အဆိုင်တိုးဝှေ့မောင်းနှင်မှုကြောင့် လမ်းများပိတ်ဆို့ကာ အချိန်ကြာမြင့်စွာ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပွားလျက်ရှိသည်။

ယာဉ်အသွားအလာများပြားလှသော မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းဆုံမီးပွိုင့်တွင် မေ ၁၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က မီးပျက်နေချိန် ယာဉ်ထိန်းရုံးရှိသော်လည်း ယာဉ်ထိန်းရဲမရှိ၍ လမ်းလေးသွယ်မှ ယာဉ်စီးရေ ၁၀၀ ကျော်ခန့် ၁၀ မိနစ်ကြာ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။ ယာဉ်ကြောပိတ်မိနေသူ ယာဉ်မောင်းတစ်ဦးက ကားပေါ်မှ ဆင်းလာပြီး ယာဉ်များသွားလာစေရန် ခရာမပါဘဲ လက်ပြအချက်ပေးထိန်းသိမ်းပေးမှုကြောင့် ယာဉ်များသွားလာရေးအဆင်ပြေခဲ့သည်။ မိနစ် ၃၀ ခန့်အကြာ အဆိုပါလမ်းဆုံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် ယာဉ်ထိန်းရဲတစ်ဦးရောက်ရှိနေပြီး စနစ်တကျ ယာဉ်ထိန်းပေးနေသည်ကို တွေ့ခဲ့ရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၀၆၀၀၀ | - | ၇၀၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၀၆၀၀၀ | - | ၇၀၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၃၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၇.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄.၃၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂.၂၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၁.၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၉၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၇.၂၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈.၆၈၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၈.၉၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၅.၇၄ |


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## နီပေါမြေငလျင်အတွက် စုဆောင်းရရှိသောအလှူငွေကျပ် ၁၄၇ သိန်းကျော်ကို ပထမဆုံးအကြိမ် စတင်လွှဲပို့

**ရန်ကုန် မေ ၁၄**

နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ငလျင်ဘေးဒဏ်ခံပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝန်ထမ်းများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ပုဂ္ဂလိကစေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက လှူဒါန်းထားသည့် အလှူငွေများကို ပထမဆုံးအကြိမ်အဖြစ် ငွေကျပ် ၁၄၇၁၂၅၀၀ ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှတစ်ဆင့် မေ ၁၃ ရက်က စတင်လွှဲပြောင်းပေးပို့ပြီးဖြစ်သည်။ အလှူရှင်များကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လက်ခံရရှိသော အလှူငွေများကို ဆက်လက်၍ စုစည်းပေးပို့သွားမည်ဖြစ်ပါကြောင်း စေတနာရှင်ပြည်သူများကို လေးစားစွာအသိပေးထားကြောင်း သိရသည်။

**(ကြေးမုံ)**




**မွေးသက္ကရာဇ်အမှန်**
မြစ်ကြီးနားမြို့၊ အထက(၄) နဝမတန်း (A)မှ မောင်ဖုးဆာဒွေ့၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၁၁-၁၉၉၈) ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၄) မှ နဝမတန်း (A) အောင်မြင်ပြီးသူ မောင်ခင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအားကယ်ဆာ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**
မြစ်ကြီးနားမြို့၊ အထက(၄) အဌမတန်းမှ (ဘ)ဦးဇော်ဇော်၏သား မောင်ဖြိုးဝေဇော်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၁-၁၉၉၉) ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(ပလန) သတ္တမတန်း(A)မှ မစန်းစန်းကြူ၏ ဖခင်အမည်မှန်မှာ ဦးဘော်ဘွမ်ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ဆန်းမင်း[၁၀/ကမရ(နိုင်) ၀၉၄၅၉၇]၏ PP No (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားများ‌စုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဝင်ကြေးအခမဲ့ Entrance Free
Hotel Novotel Yangon Max
"ဂျပန် ပစ္စည်းတွေကို သုံးစွဲ ပြီး အလှဆုံးဖြစ်ပို့ရည်ရွယ်တယ်!!"
Wanna Be All-Time Gorgeous Woman
Wanna Experience Japanese Technology
မြန်မာအမျိုးသမီးအားလုံးကိုကြိုဆိုပါသည်။
Every Myanmar Girls are Welcome!
Gorgeous Japan 2015
5/15 Fri 12:00~ (Open 11:30~
5/16 Sat 10:00~ (Open 9:30~
အလှကုန်နမူနာလက်ခံရရှိသည်။
အထူး Stage
- Miwonderful's magical make-up show
- 2015YumiKatsuraSummerCollection in Myanmar
- Dance unit PrizmaX Shwe stage 2015
တက်ရောက်ခြင်း
CANMAKE / Panasonic / KOSE CORPORATION
Kracie Holdings / Mandom Corporation
etc.
www.facebook.com/GorgeousJapan

**ပြည်တွင်းရေးရာ**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ပီတာကိုးလ်မန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုများနှင့် ဒေသခံပြည်သူများအတွက် လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရေးအတွက် ထူးချွန်လူငယ်များအား ပြည်ပ ပညာတော်သင် စေလွှတ်သင်ကြားနိုင်ရေး၊ ပြည်တွင်း၌ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

---

**❑ ရွှေ့ဖုံးမှ**

Melia နှင့် Hoang Anh Gia Lai Group တို့သည် အမေရိကန်ဒေါ်လာ သန်း ၅၅၀ တန် HAGL Myanmar Centre စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော Melia Yangon စီမံကိန်းကို အစုစပ်လုပ်ကိုင်ရန် ပြီးခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့သည်။ Melia Hotels International မှာ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ပမာဏအများဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဟု ဆိုနိုင်ပြီး HAGL ၏ အကြီးမားဆုံး နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်သည်။ "မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးမြှုပ်နှံထားတဲ့ဟိုတယ် ၄၇ လုံး ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ပြီးခဲ့သည့်နှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့ကြပြီး အလုပ်အကိုင်နေရာ ၁၅၀၀၀၀ ဖန်တီးပေးခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၏ ထက်ဝက်ကျော်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံမှာ စင်ကာပူနိုင်ငံမှဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က ပြောကြားသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရန် ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ခြင်းအားဖြင့် ပြီးခဲ့သည့်နှစ်က နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ ၅ ဘီလီယံထိ ဆွဲဆောင်ရန် ရည်ရွယ်ခဲ့သည်။

"ခိုင်မာတဲ့ ဥပဒေတစ်ရပ်အောက်မှာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး အလားအလာကောင်းတွေ တိုးတက်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာမှာ ယုံကြည်မှုပိုရှိလာတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံသဘောတူစာချုပ်တွေကို အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ အီးယူ အဖွဲ့ဝင်နိုင်ငံတွေနဲ့ ချုပ်ဆိုထားပါတယ်" ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။ "ဒါက မြန်မာနိုင်ငံရဲ့ ၁၅ နှစ်အတွင်း အလယ်အလတ်ဝင်ငွေရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်လာရေး ရည်မှန်းချက်ဖြစ်လာနိုင်တယ်ဆိုတာကို ပြသနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဟိုတယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်၊ ဂျပန်နှင့် မလေးရှားနိုင်ငံတို့မှ ဖြစ်သည်။

ဟိုတယ်ကဏ္ဍတွင် မြန်မာ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၅၅ သန်းသာရှိရာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅၃ သန်းထိ သိသိသာသာ တိုးတက်လာခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံထိ ရောက်ရှိရန် မျှော်မှန်းထားသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလှုံ့ဆော်ပေးရန် ပုဂံ၊ အင်းလေးကန်၊ မြောက်ဦး၊ ရန်ကုန်နှင့် အခြား ခရီးသွားနယ်မြေများကို မြှင့်တင်ရန် ရည်ရွယ်ထားသည့် မြန်မာခရီးသွားလုပ်ငန်းစီမံချက်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ပြီးခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၅ သန်း ဝင်ရောက်ခဲ့ပြီး ယင်းလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ ကျွန်းဖီလာ၊ ငမန်းနှင့် ဘိုရွဲကျွန်းများရှိ ဟိုတယ်စီမံကိန်းများအတွက် ခွင့်ပြုချက်ပေးခဲ့သည်။ "မြေတိုင်းတာမှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာကုမ္ပဏီတစ်ခုက နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ အစုစပ်လုပ်ကိုင်သွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရ၏အဆိုအရ ကုမ္ပဏီ ၂၇ ခုက ကရင်ကွ၊ ဆမတ်၊ ခေါင်ညို၊ ကျွန်းဖီလာ၊ ငမန်း၊ ငထွေးရှူး၊ ငလုံးလက်ဖယ်၊ ဘိုနက်ကျော်၊ လိုင်ဂူ၊ စေတန်၊ ဘိုရွဲနှင့် ဒွန်မဲလ်ကျွန်းများပေါ်ရှိ ဟိုတယ်စီမံကိန်းများအတွက် လုပ်ကိုင်ခွင့်ရရှိရန် အဆိုပြုခဲ့ကြသည်။ အဆိုပါကျွန်းများပေါ်တွင် စုစုပေါင်း ဟိုတယ် ၁၃ လုံး ဆောက်လုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ငလုံးလက်ဖယ်၊ ၁၅၅ ကျွန်း၊ ကရင်ကွ၊ ခေါင်ညို၊ ကျွန်းဖီလာ၊ ငမန်းနှင့် ဘိုရွဲကျွန်းများပေါ် ဆောက်လုပ်ခွင့်ပြုခဲ့သည်။

---

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့နယ်ခွဲ တောင်သုံးလုံးကျေးရွာအနီးတွင် တပ်မတော်သားများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ညနေပိုင်းတွင် သတင်းအရ ရှာဖွေစစ်ဆေးမှုများပြုလုပ်နေစဉ် တာလေဘက်မှ တာချီလိတ်ဘက်သို့ စိုင်းတစ်ဆိုသူ မောင်းနှင်လာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး ယာဉ်နောက်ဖုံးအတွင်းမှ ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၉၅၅ သိန်းခန့်ရှိ အိုက်စ်မူးယစ်ဆေးဝါး ၈ ဒသမ ၅ ကီလိုဂရမ်အား သိမ်းဆည်းရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူအား စစ်ဆေးမေးမြန်းချက်အရ မိုင်းဖျန်ရှိ အိုက်ကျိုင်းကော်ဆိုသူ၏ မူးယစ်ဆေးဝါးများဖြစ်ပြီး ၎င်းမှ ငွေပေးစေခိုင်းချက်အရ မိုင်းဖြတ်မှ တာချီလိတ်သို့ ပို့ဆောင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။

သို့ပါ၍ ဖမ်းဆီးရမိသူအား အရေးယူနိုင်ရန်နှင့် ဆက်စပ်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

---

## ကျေးရွာဗဟိုပြုအမျိုးသမီးများ၏ လူနေမှုပုံစံမြှင့်စံပြကျေးရွာဖြစ်မြောက်ရေး သင်တန်းဖွင့်လှစ်ပြီးစီးမှု လုပ်ငန်းဆန်းစစ်

**သံဖြူဇရပ် မေ ၁၄**

ကျေးလက်ဒေသနေ အမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတမြင့်မားစေရေးအတွက် ရည်ရွယ်ပြီး ယမန်နှစ်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပဒိုင်လေးကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးများ ကိုယ်တိုင်စွမ်းဆောင်သည့် ကျေးရွာဗဟိုပြုအမျိုးသမီးများ၏ လူနေမှုပုံစံမြှင့်စံပြကျေးရွာဖြစ်မြောက်ရေး သင်တန်းသူများအား လုပ်ငန်းစွမ်းဆောင်နိုင်မှု ဆန်းစစ်ခြင်းအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် မေ ၁၄ ရက် နံနက် ၉ နာရီက သံဖြူဇရပ်မြို့နယ် ပဒိုင်လေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ ပဒိုင်လေး၊ ကွမ်သတ်၊ နှစ်ကိုင်းကျေးရွာတို့မှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့၍ အာဟာရပစ္စည်းနှင့် ဆေးဝါးများအား ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာမှသင်တန်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မာထွန်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်စိုး၊ ဒေါ်ခင်စန္ဒာထွန်းတို့က တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတတိုးတက်ရရှိမှုများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုမခံရရေး ဗဟုသုတများကို တက်ရောက်လာကြသည့် ကျေးရွာမှ အမျိုးသမီးများနှင့် ဆန်းစစ်ဆွေးနွေးပြီးနောက် ပါမောက္ခ ဒေါက်တာခင်မေအုန်းက အိမ်သုံးဆေးဝါးများ မမှန်မကန်သုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သည့် အန္တရာယ်ဆိုးကျိုးများကို အသိပေးဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက် အမျိုးသမီးများအတွက် အထောက်အကူပြုပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီများက ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့်အဖွဲ့ဝင်များ၊ သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်နှင့်အဖွဲ့ဝင်များနှင့်အတူ နှစ်ကိုင်းကျေးရွာရှိ ဦးသောင်းအေး၊ ဒေါ်ခင်သီ နေအိမ်၌ ကျေးရွာမှ အမျိုးသမီးများနှင့်တွေ့ဆုံ၍ အမျိုးသမီးများ၏ လူနေမှုပုံစံမြှင့်စံပြကျေးရွာဖြစ်မြောက်ရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကာ ထိုမှတစ်ဆင့် ကျိုက္ခမီမြို့ ဆံတော်ရှင်ရေလယ်ဘုရားအား သွားရောက်ဖူးမြော်ပြီး နာယကနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အလှူငွေများကို ကျိုက္ခမီရေလယ်ဘုရားဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းညွန့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြို့နယ် မြန်/ဆက်)**



# ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍများတိုးမြှင့်မည့် တရုတ်-အိန္ဒိယဆက်ဆံရေး



**ပေကျင်း မေ ၁၄**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ၎င်း၏ ပထမဆုံးအကြိမ် တရုတ်နိုင်ငံသို့ သုံးရက်ကြာ ခရီးစဉ်ကို မေ ၁၄ ရက်တွင် စတင်ခဲ့ပြီး ယင်းခရီးစဉ်အတွင်း ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆွဲဆောင်သွားမည်ဖြစ်သည်။

မိုဒီသည် လွန်ခဲ့သည့်နှစ်အတွင်း နိုင်ငံအတော်များများသို့ လှည့်လည်သွားရောက်ခဲ့ပြီး အိန္ဒိယအစိုးရ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးမူဝါဒသစ်ဖြင့် ဖိတ်ခေါ်ဆွဲဆောင်မှုများ ပြုလုပ်ခဲ့သည်။ ယခုခရီးစဉ်တွင်လည်း မိုဒီသည် "အိန္ဒိယတွင်ပြုလုပ်သည်" ဟူသော ကုန်ထုတ်လုပ်မှုတိုးတက်ရေးမူဝါဒကို မိတ်ဆက်ဆွဲဆောင်သွားဖွယ်ရှိသည်။

"နည်းပညာအနိမ့်ကနေ အလယ်အလတ်ရှိတဲ့နည်းပညာအဆင့်ကို တိုးတက်လာပြီးကတည်းက တရုတ်နိုင်ငံဟာကမ္ဘာ့ကုန်ထုတ်လုပ်မှုဗဟိုဌာနတစ်ခုဖြစ်လာပါတယ်။ ကျွန်တော့်အမြင်အရတော့ ဒီခရီးစဉ်မှာ "အိန္ဒိယတွင်ပြုလုပ်သည်" ဆိုတဲ့ ကုန်ထုတ်လုပ်မှုတိုးတက်ရေးမူဝါဒအောင်မြင်မယ်လို့ထင်ပါတယ်"ဟု ဂျဝါလာနေရူးတက္ကသိုလ်မှ တရုတ်ရေးရာပါမောက္ခ ဆရီခန့် ကွန်ဒါပါလီက ပြောကြားသည်။

အိန္ဒိယ၏ စီးပွားရေးကို ပြန်လည်အားသစ်လောင်းရန် မိုဒီသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်ကတည်းက ကတိပြုထားခဲ့သည်။ တရုတ်ရင်းနှီးမြှုပ်နှံမှုများ အိန္ဒိယတွင်တိုးမြှင့်လာရန် ဒေသဆိုင်ရာ အစိုးရကိုယ်စားလှယ်အဖွဲ့များသည် တရုတ်နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသည်။

"တရုတ်က အိန္ဒိယမှာ ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာဘီလီယံ ၂၀ ရှိတယ်လို့ လွန်ခဲ့တဲ့နှစ် စက်တင်ဘာလတုန်းက ကြေညာထားခဲ့ပါတယ်။ အခု မိုဒီရဲ့ တရုတ်ခရီးစဉ်ကနေ နောက်ထပ် ၁၀ ဘီလီယံလောက် ထပ်တိုးလာမယ်လို့ မျှော်လင့်ရပါတယ်" ဟု ဆရီခန့် ကွန်ဒါပါလီက ပြောကြားသည်။

လွန်ခဲ့သည့်နှစ် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အိန္ဒိယခရီးစဉ်တွင် ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံရန် လက်မှတ်ရေးထိုးခဲ့သည်။ လေ့လာသူများက တရုတ်-အိန္ဒိယကုန်သွယ်မှုသည် ယခုနှစ်တွင် ဒေါ်လာဘီလီယံ ၁၀၀ အထိရှိလာနိုင်သည်ဟု သုံးသပ်ကြသည်။

**ဆင်ဟွာ။**

# ၇၂ ဦးသေဆုံးသော ဖိလစ်ပိုင်ဖိနပ်စက်ရုံမီးလောင်မှု ရာဇဝတ်ကြောင်းအရ စစ်ဆေးမည်



**မနီလာ မေ ၁၄**

ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံး ၇၂ ဦး သေဆုံးခဲ့ရသော စက်ရုံ မီးလောင်မှုကို ရဲတပ်ဖွဲ့က ရာဇဝတ်ကြောင်းအရ စစ်ဆေးမည်ဖြစ်သည်။

စက်ရုံအဆောက်အအုံ၏ ဒုတိယထပ်တံခါးပေါက်များတွင် တံတိုင်းများ စိုက်ထားသဖြင့် အလုပ်သမားများမှာ ထွက်မပြေးနိုင်ဘဲ မီးတောက်များအတွင်းပိတ်မိခဲ့ရကြောင်း သေဆုံးသူများ၏ ဆွေမျိုးများက ယနေ့ပြောကြားသည်။

မြို့တော်မနီလာအစွန်အဖျားရှိ ကင်းတက်မန်နီဖက်ချာရင်းကော်ပိုရေးရှင်းပိုင် ရာဘာဖိနပ်စက်ရုံ နှစ်ထပ်အဆောက်အအုံသည် မေ၁၃ ရက်က ငါးနာရီကျော်ကြာ မီးလောင်ပြီး နောက်တစ်ရက်တွင် ဟာလာဟင်းလင်းဖြစ်နေသော ယင်းစက်ရုံမီးလောင်ပြင်မှ လူသေအလောင်းများကို ကောက်ယူရရှိခဲ့သည်။

မှုခင်းအရာရှိများသည် အလောင်းများကို မည်သူမည်ဝါဖြစ်ကြောင်း စိစစ်၍ ပျောက်ဆုံးနေသော လူစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကြသည်။ စက်ရုံ၏ အန္တရာယ်ကင်းစင်ရေးစီမံထားရှိမှုအပေါ် မေးခွန်းထုတ်လျက်ရှိကြသည်။ ဗိုင်အိုနီဗီယိုအန်ဒီဆိုသော အမျိုးသမီးကြီး၏ သမီး၊ မြေး၊ ယောက်မနှင့် တူမတို့သည် ပျောက်ဆုံးသူများစာရင်းတွင် ပါဝင်လျက်ရှိသည်။ ၎င်းက မီးလောင်သည့်ဒုတိယထပ်မှပြတင်းပေါက်များကို ကြောင်တစ်ကောင်မထွက်နိုင်လောက်အောင်ပင် သံတိုင်များရိုက်ပြီး သွပ်နန်းကြိုးများဖြင့် ထပ်မံကာရံထားသည်ဟု ပြောသည်။၎င်းတို့၏ မိသားစုဝင်များက ဒုတိယထပ်မှနေ၍ ထိတ်လန့်တုန်လှုပ်စွာ အကူအညီတောင်းခံခဲ့ကြောင်း သေဆုံးသူများ၏ ဆွေမျိုးများက ပြောကြားသည်ဟု ဒေသတွင်း မီဒီယာများက ပြောကြားသည်။

ယင်းမီးလောင်မှုတွင် တာဝန်ရှိသူများကို ရဲတပ်ဖွဲ့က တရားစွဲဆိုမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် လီယိုနာဒိုအက်ဖ် ပီနာက ပြောသည်။

**ရိုက်တာ။**

# လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံ ပါဝင်မှုသံသယဖြင့် တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်းအား အစိုးရတရားရုံးက ဆင့်ခေါ်

**ဆိုးလ် မေ ၁၄**

တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်း လီဝန်ကူးအား လွန်ခဲ့သောနှစ်နှစ်က လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံတစ်ခုတွင် ပါဝင်ခဲ့မှုသံသယများဖြင့် မေးမြန်းစစ်ဆေးရန် မေ ၁၄ ရက်တွင် အစိုးရတရားရုံးက ဆင့်ခေါ်လိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က တိုင်းပြည်၏ ဒုတိယအမြင့်ဆုံး အုပ်ချုပ်ရေးရာထူးမှ နှုတ်ထွက်ခဲ့သူ လီမှာ ဆိုးလ်အစိုးရရှေ့နေရုံးသို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လာရောက်ခြင်းဖြစ်သည်။ သူသည် ဧပြီ ၉ ရက်က ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ ၂၀၁၃ ခုနှစ် ဧပြီလက ပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း လာဘ်ငွေ ဝမ်သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၈၀၀၀) လက်ခံရရှိခဲ့သည်ဟူသော သံသယရှိခြင်းခံထားရသူဖြစ်သည်။ အာဏာရပါတီ ဥပဒေပြုအမတ်ဟောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပြီး ယခုအခါ ဒေဝါလီခံထားရသည့်ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ ဆန်ဝမ်ဂျောင်က ငွေကြေးစာရင်းဇယားများနှင့်အတူ လီနှင့် လက်ရှိသမ္မတရုံးအကြီးအကဲ လီဗြောင်ကီးတို့ အပါအဝင် ဩဇာအာဏာကြီးမားသည့် နိုင်ငံရေးသမားရှစ်ဦးအကြောင်း စာရင်းမှတ်ထားသည့် မှတ်စုအကျဉ်းကို ချန်ထားခဲ့ခြင်းဖြစ်သည်။

လီက သူသည် အဆိုပါစီးပွားရေးလုပ်ငန်းရှင်နှင့် ခင်မင်ကျွမ်းဝင်မှု အနည်းငယ်သာရှိခဲ့သည်ဟု ပြောကြားပြီး လာဘ်ပေးလာဘ်ယူမှုတွင် မပါဝင်ကြောင်းအကြောက်အကန်ငြင်းဆန်ခဲ့သည်။ လီက ပြစ်မှုထင်ရှားသောကြောင့် တရားစွဲဆိုရန် မည်သည့်အထောက်အထားမဆိုပေါ်လွင်ပါက သူ့ကိုယ်သူ သတ်သေမည်ဟု ဆိုလိုက်သေးသည်။ သို့သော် သူသည် ပြီးခဲ့သည့်နှစ်အတွင်း ယင်းစီးပွားရေးလုပ်ငန်းရှင်နှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ကာ ဖုန်းခေါ်ဆိုမှုအကြိမ် ၂၀၀ ခန့်ရှိခဲ့ကြောင်း ထင်ရှားသောကြောင့် ရာထူးမှနှုတ်ထွက်ခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလက အာဏာရရှိခဲ့သည့် လီမှာ သမိုင်းတစ်လျှောက် တောင်ကိုရီးယားနိုင်ငံ၏ သက်တမ်းအတိုတောင်းဆုံး တာဝန်ထမ်းဆောင်သည့် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

**ဆင်ဟွာ။**

# ဘူရွန်ဒီ၌ အာဏာသိမ်းရန်ကြိုးပမ်းမှု အောင်မြင်မှုမရှိဟု ကြည်းတပ်ဦးစီးချုပ်ပြော

**ဘူဂျွမ်ဘူရာ မေ ၁၄**

ဘူရွန်ဒီနိုင်ငံ၌ အာဏာသိမ်းရန်ကြိုးပမ်းမှု တစ်ရပ်မှာ အထမြောက်အောင်မြင်ခြင်းမရှိကြောင်း ယင်းနိုင်ငံ၏ ကြည်းတပ်အကြီးအကဲက မေ ၁၄ ရက်တွင် ပြောကြားသည်။

ဘူရွန်ဒီသမ္မတ ပရဲရွှန်ဇီဇာအား သစ္စာခံသည့် တပ်ဖွဲ့များသည် အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဖြိုခွင်းလိုက်ပြီး မြို့တော်ကို ထိန်းချုပ်ထားနိုင်ကြောင်း ကြည်းတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ပရိုင်းနီယွန်ဂါဘိုက ထုတ်ပြန်ကြေညာသည်။

သမ္မတရာထူးသက်တမ်းကို တိုးချဲ့နိုင်ရန် ကြိုးပမ်းသူ ပရဲရွှန်ဇီဇာအား မိမိရာထူးမှ ဖယ်ရှားလိုက်ပြီဟု မေ ၁၃ ရက်တွင် အခြားသော ကြည်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ကြေညာခဲ့သည်။

မြို့တော်ဘူဂျွမ်ဘူရာ၌ မေ ၁၄ ရက်အထိ သေနတ်သံနှင့် ပေါက်ကွဲသံများ ထွက်ပေါ်နေကြောင်း၊ အစိုးရအဖွဲ့က အာဏာကို ထိန်းချုပ်ထားနိုင်ခြင်း ရှိ၊ မရှိ သဲသဲကွဲကွဲ မသိရကြောင်း သတင်းတွင် ဖော်ပြသည်။

သမ္မတ ပရဲရွှန်ဇီဇာသည် မေ ၁၃ ရက်က အာဖရိက ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ထန်ဇန်းနီးယားနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း အာဏာသိမ်းရန်ကြိုးပမ်းမှု ပေါ်ပေါက်ခဲ့သည်။

ယခုအခါ မည်သည့်နေရာတွင် သမ္မတ ရောက်ရှိနေသည်ကို အစိုးရအဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိပေ။

သမ္မတ ပရဲရွှန်ဇီဇာသည် တတိယမြောက် ရာထူးသက်တမ်း၌ ဆက်ခံနိုင်ရန် ကြိုးပမ်းနေခြင်းမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီမှုမရှိဟု ဆိုကာ ဗိုလ်ချုပ်ကြီးတစ်ဦးက ၎င်းအားဖြုတ်ချကာ အာဏာသိမ်းလိုက်ပြီဟု ထုတ်ပြန်ကြေညာခဲ့သည်။

**ရိုက်တာ။**



# မြန်မာ-စင်ကာပူ ပူးပေါင်း၍ လတ်တလောဖြစ်ပေါ်တတ်သော ပြစ်မှုများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် လတ်တလော ဖြစ်ပေါ်တတ်သော ပြစ်မှုများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal ACE ဟိုတယ်၌ မေ ၁၂ ရက်က ကျင်းပရာ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ စင်ကာပူနိုင်ငံ ရှေ့နေချုပ် H.E. Mr. V.K. Rajah, SC၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် Mr. Jaffery Chan Wah Teck၊ မြန်မာနိုင်ငံဆိုင်ရာစင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua နှင့် တရားစွဲအဖွဲ့အစည်းများဖြစ်ကြသော ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တရားလွှတ်တော်ချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ၊ စင်ကာပူနိုင်ငံရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ်က ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် Emerging Offences ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုကဲ့သို့သော ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ရာ တစ်ဦးတည်းရပ်တည်၍ မရကြောင်း၊ မြန်မာ-စင်ကာပူ နှစ်နိုင်ငံသည် ဥပဒေကျင့်သုံးပုံစနစ်ခြင်း တူညီကြသဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာလည်း နက်ရှိုင်းနွေးထွေးမှု ရှိလာပြီး ပိုမိုခိုင်မြဲသောဆက်ဆံမှုများ ရှိလာကြောင်း ပြောကြားသည်။

စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr.VK Rajah, SC က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အပြန်အလှန်အကျိုးကျေးဇူးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်၍ ကမ်းလှမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် စင်ကာပူရှေ့နေချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ပြည်ထောင်စုရှေ့နေချုပ်နှင့်တွေ့ဆုံပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဖွဲ့စည်းပုံ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် ရုံးလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ထူးချွန်ထက်မြက်သော ဥပဒေအရာရှိများအား စိစစ်ရွေးချယ်ပြီး စင်ကာပူနိုင်ငံသို့ ပညာတော်သင်အဖြစ် စေလွှတ်ရန်နှင့် ပညာတော်သင်ခေါ်ယူရန် အစီအစဉ်များ၊ ဥပဒေရေးရာကိစ္စရပ်များတွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လိုမှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပြပွဲပြိုင်ပွဲကျင်းပ

**နေပြည်တော် မေ ၁၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)ရုံးက ကြီးမှူးကျင်းပသော ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလှုပ်ရှားမှု ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် အသိပညာပေးပြပွဲ ပြိုင်ပွဲကို မေ ၁၀ ရက်က နေပြည်တော်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)ရုံး ယာဉ်မောင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)ရုံး ဦးစီးမှူး ဒေါ်တင်တင်ဌေးက ပြပွဲပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်မောင်းသင်တန်းကျောင်းမှ သင်တန်းသားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းကို ယာဉ်/လမ်းစည်းကမ်းမေးခွန်းများ ဖြေဆိုယှဉ်ပြိုင်ခြင်း၊ မူကြိုကလေးငယ်များအား လမ်းစည်းကမ်းအရောင်များ ရေးခြယ်ယှဉ်ပြိုင်စေပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ပြည်သူများနှင့် အခမ်းအနားတက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဉာဏ်စမ်းပဟေဠိဖြေဆိုစေပြီး အဖြေမှန်သူများအား ဆိုင်ကယ်ဦးထုပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ မော်တော်ယာဉ်များအား စက်ကိရိယာများဖြင့် စစ်ဆေးမှု၊ ယာဉ်မောင်းလိုင်စင် လက်တွေ့ဖြေဆိုမှု၊ ယာဉ်မောင်းလိုင်စင် ရေးဖြေဖြေဆိုမှုများ၊ လက်တွေ့ ယာဉ်မောင်းနှင်မှုများ၊ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များ၊ ရောင်ပြန်ပြားများ၊ ဖောင်းကြွများနှင့် ယာဉ်စည်းကမ်းမလိုက်နာသဖြင့် ယာဉ်တိုက်မှုဖြစ်ပွားသည့် ဓာတ်ပုံများပြသထားကြောင်း သိရသည်။

**(၁၀၇)**



# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်ခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ”

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။”

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။”

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ”

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။”

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။”

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူ”

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

“(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည်မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။”

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင်အမည်ပါဝင်သော နိုင်ငံသား၊ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။”

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခဒေါက်တာမြင့်ဟန် ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာဒေါ်ခွဲ့ခွဲ့ဦး ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကျော်ဇင်သန့် ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဒေါ်ရီရီမြင့် ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (င) ပါမောက္ခ ဒေါက်တာဇော်ဝေစိုး ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန |
| (စ) ဦးမင်းထိန် ညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဆ) ဦးဆန်းအောင် ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန |
| (ဇ) ဦးကျော်စွာစိုး ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဈ) ဦးဝင်းခိုင်မိုး ညွှန်ကြားရေးမှူးချုပ် မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ည) ဦးဝင်းမော်ထွန်း ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် နည်းပညာနှင့် သက်မွေးပညာ ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာရဲတင့်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးမြသန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သမဝါယမဝန်ကြီးဌာန |
| (ဂ) ဦးခန့်ဇော် ဒုတိယအင်ဂျင်နီယာချုပ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဒေါ်ကေသီလွင် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(သန်လျင်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(သန်လျင်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (င) ဒေါက်တာဒေါ်သိင်္ဂီ ဒုတိယပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (စ) ဒေါက်တာကြည်စိုး ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဆ) ဒေါက်တာမောင်မောင်လတ် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ငူ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ငူ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဇ) ဒေါက်တာညွန့်စိုး ဒုတိယပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဈ) ဒေါက်တာကြည်သွင် ဒုတိယပါမောက္ခချုပ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ည) ဒေါက်တာဒေါ်စန်းစန်းရီ ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဋ) ဒေါက်တာဆင့်စိုး ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဌ) ဒေါက်တာမြင့်သိန်း ဒုတိယပါမောက္ခချုပ် မန္တလေးနည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မန္တလေးနည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဍ) ဒေါက်တာဒေါ်ဝင်းအေး ဒုတိယပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဎ) ဒေါက်တာဒေါ်စောစန္ဒာအေး ဒုတိယပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(ပြည်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(ပြည်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဏ) ဒေါက်တာဒေါ်မိုးပွင့် ဒုတိယပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |


## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈) သူငယ်ချင်းများသို့-

တို့တစ်တွေ ကျောင်းဆင်းတာ နှစ်(၃၀)ပြည့် (ပုလဲရတု)အထိမ်းအမှတ်ကို နေပြည်တော်မှာ စုံစုံညီညီနဲ့ ပျော်ပျော်ရွှင်ရွှင် တွေ့ဆုံကြဖို့ စီစဉ်ထားပါတယ်။ မိသားစုများနှင့်အတူ အားလုံးတက်ရောက်ကြဖို့ ရင်းနှီးစွာ ဖိတ်ကြားအပ်ပါတယ်။

၃၀-၅-၂၀၁၅ရက်(စနေနေ့)။ စုစည်းရောက်ရှိခြင်း၊ နေပြည်တော်အတွင်း လည်ပတ်ခြင်း၊ ဝါသနာရှင်များ ဂေါက်သီးရိုက်ခြင်း၊ ညစာစားပွဲ ပြုလုပ်ခြင်း။

၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)။ ဆရာကန်တော့ခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်း။

အသေးစိတ်ကို အောက်ပါသူငယ်ချင်းများနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း-

နေပြည်တော်။ ကျော်စိုး (Ph:09448539666, 09-5026233)၊ ခင်လတ်ကြီး (Ph:0949291120)၊ တင်ဝင်း(Ph:09-450048593)၊ တင့်ဆွေ(Ph:09-5417728)၊ အောင်ကျော်မိုး(Ph:09-5280523)

ရန်ကုန်။ မျိုးသန့်(Ph:01-563716, 09-5021584)၊ စောဝင်းသောင်(Ph:09-49228695)၊

မန္တလေး။ အောင်ခိုင်သန်း(Ph:09-2000373)၊ စောထွန်းဦး(Ph:09-2014902)




ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းတို့အား အတည်ပြု



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်

**နေပြည်တော် မေ ၁၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီး အဆိုတစ်ခုတင်သွင်းခြင်း၊ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းတို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးအတွက် လွှတ်တော်က အတည်ပြုပေးရန်** အဆိုကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က လွှတ်တော်သို့ တင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များ၊ တာဝန်များ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို စတင်အပ်နှင်းခဲ့သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ ရက်ပေါင်း ၉၀ ပြည့်မြောက်မည့် ၂၀၁၅ ခုနှစ် မေလ ၁၇ ရက်အထိ ကာလအတွင်း ယင်းဒေသ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ တရားစီရင်ရေးနှင့် စီမံခန့်ခွဲမှုအခြေအနေများသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အရေးပေါ်အခြေအနေ ကြေညာထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အား ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်၍ အတည်ဖြစ်စေနိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းကို မေ ၁၅ ရက်တွင် ဆောင်ရွက်ရန် လျာထားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းဆွေးနွေးနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က ဆွေးနွေးပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း**တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းဆွေးနွေး

**နေပြည်တော် မေ ၁၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၏ **နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တန်းပြည့်စစ်မှုထမ်းချိန် သတ်မှတ်ထားသည့် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသော ထောက်ပံ့သောငွေချီးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ကြရာတွင် အချိန်ပြည့် ၂၄ နာရီ တာဝန်ရှိပြီး သက်စွန့်ကြိုးပမ်း စွန့်လွှတ်စွန့်စားဆောင်ရွက်နေကြရသဖြင့် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ်အား လစဉ် ယခင် ၅၀၀၀ ကျပ်စီကို ယခု ၁၀၀၀၀ ကျပ်စီအဖြစ် တိုးမြှင့်ပြီး တပ်သားအဆင့်မှ ဗိုလ်ချုပ်မှူးကြီးအဆင့်အထိ ခံစားခွင့်ပြုထားပါကြောင်း။

တပ်မတော်သားများအတွက် လစာနှုန်းထားများကို စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေချိန်နှင့် သာမန်တာဝန်ထမ်းဆောင်နေချိန်ဟူ၍



ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်။



နတ်တလင်း မဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး။

ခွဲခြားသတ်မှတ်ထားခြင်း မရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တန်းပြည့်စစ်မှုထမ်းချိန် သတ်မှတ်ထားသည့် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသော ထောက်ပံ့ငွေချီးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **မြန်မာနိုင်ငံတွင် စီပိုးရောဂါကုသရန်စီမံချက် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ စီပိုးရောဂါကုသရန် စီမံချက်များ ယခုအချိန် မရှိသေးပါကြောင်း၊ အဆိုပါ စီမံချက်ဆောင်ရွက်ရန်အတွက် စီမံချက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ National Hepatitis Programme အတွက် Country Representative Data များ ရရန်နှင့် တစ်နိုင်ငံလုံး၏ အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှု အချက်အလက်များရရှိရန် စစ်တမ်းကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်တွင် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အသည်းဖောင်ဒေးရှင်း၊ ကလင်တန်ကျန်းမာရေးဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိသည့်ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ ရှေ့လုပ်ငန်းစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို တင်သွင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကိုယ်ပိုင်လူစီးမော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်သက်တမ်း(၃)နှစ်အထိ တိုးမြှင့်သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည်စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင်လယ်သမား (၇၇)ဦးမှ ပြန်လည်လျှောက်ထားခြင်း ကိစ္စအပေါ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းက အဆိုပါ ပြန်လည်စွန့်လွှတ်လယ်မြေများအား မူလလယ်သမားများထံ ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)ပြန်လည်ပေးအပ်နိုင်ရေး (ရပ်/ကျေး) မြို့နယ်/ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီတို့မှ စိစစ်ဆောင်ရွက်ခဲ့ရာတွင် ကျွန်းကုန်းကျေးရွာအုပ်စုရှိ လယ်မြေ(၆၀၆ ဒသမ ၁၀)ဧကအား လယ်သမား(၇၇) ဦးနှင့် ဆားတလင်းကျေးရွာအုပ်စုမှ လယ်မြေ(၁၉ ဒသမ ၃၅) ဧကအား လယ်သမားတစ်ဦး စုစုပေါင်းလယ်သမား (၇၈)ဦးတို့အား စိစစ်နိုင်ခဲ့ကြောင်း၊ စုစုပေါင်းဧရိယာ (၆၂၅ ဒသမ ၄၅) ဧကကို လယ်သမား (၇၈)ဦးတို့အား ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကြီးမှူး၍(၃၁-၃-၂၀၁၅) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ အခမ်းအနားဖြင့် လယ်သမားများလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)များကို ပေးအပ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **မော်တော်ယာဉ်များ မှတ်ပုံတင် သက်တမ်းတိုးခြင်းကို နှစ်နှစ်တစ်ခါ ကာလအပိုင်းအခြားဖြင့် ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင်လိုင်စင်စာအုပ်၊ စာရွက်စာတမ်းများအစား Smart Card System ကျင့်သုံးဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုအတွက် အိမ်စီးမော်တော်ယာဉ်များကို ကန့်သတ်တားမြစ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊**



သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်း။

**ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မော်တော်ယာဉ်မှတ်ပုံတင်ကြေးများကို ထိရောက်သည့် ပမာဏတစ်ရပ်အထိ တိုးမြှင့်ဆောင်ရွက်ရန်ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍** ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များအား တစ်နှစ်လျှင်(၁)ကြိမ် သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ (၁၅-၁၁-၂၀၁၂) မှစ၍ Brand New ကိုယ်ပိုင်လူစီးမော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်သက်တမ်း(၃)နှစ်အထိ တိုးမြှင့်သတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ပိုမိုအဆင်ပြေစေရေးအတွက်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်။

ကိုယ်ပိုင် လူစီးယာဉ်ငယ်များအား ယာဉ်အို ယာဉ်ဟောင်းအပ်နှံ၍

**စာမျက်နှာ ၈ သို့ »**

## ပြည်တွင်းရေးရာ

» စာမျက်နှာ ၇ မှ

အစားထိုးတင်သွင်း မှတ်ပုံတင်မှု စတင်သည့် **"၆ဂ" အက္ခရာနှင့် အထက်** အက္ခရာ ယာဉ်ငယ်များအား နှစ်လဲသက်တမ်းတိုးခြင်းကို (၂) နှစ်လျှင် (၁)ကြိမ်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် အငှားယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးများ၊ စက်မှုဇုန်ထုတ်ယာဉ်များ၊ **"၆ဂ"အက္ခရာအောက်** ယာဉ်ငယ်များအား လက်ရှိအတိုင်း တစ်နှစ်လျှင်(၁)ကြိမ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လက်ရှိ အသုံးပြုနေသော မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တန်ဖိုးမှာ (၅၀၀)ကျပ်ဖြစ်ပြီး သက်တမ်း (၅)ကြိမ်အသုံးပြုနိုင်ကြောင်း၊ Smart Card အားပြောင်းလဲမည်ဆိုပါက သက်တမ်း(၃) ကြိမ်သာ အသုံးပြုနိုင်ပြီး (၅၀၀၀) ကျပ် ကုန်ကျမည်ဖြစ်ပါကြောင်း။

ထိုအခြေအနေများအရ Smart Card ပြောင်းလဲသုံးစွဲခြင်းသည် ယာဉ်ပိုင်ဆိုင်သည့် ပြည်သူများထက် Smart Card ပြုလုပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချသူတို့သာပို၍ အကျိုးဖြစ်နိုင်ကြောင်း သုံးသပ်ရရှိသဖြင့် လတ်တလော အခြေအနေများအရ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

စီးပွားရေး မြို့တော် ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ခုံးကျော်တံတားကြီးများ တည်ဆောက်ခြင်း၊ ယာဉ်မရပ်ရလမ်းများ သတ်မှတ်ပြီး အရေးယူဆောင်ရွက်ခြင်း၊ ဘတ်စ်ကားကြီးများအား လမ်းကြောင်းသတ်မှတ်ပြီး ပြေးဆွဲစေခြင်း၊ မီးပွိုင့်များအား ဂျပန်နည်းစနစ်ဖြင့် အလိုအလျောက်ဆောင်ရွက်သည့်စနစ်သို့ ပြောင်းလဲတပ်ဆင်ပေးခြင်း၊ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်သည့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာဉ်များအား မြို့ဝင်ကြေးတိုး၍ ကောက်ခံခြင်းများ ဖြေရှင်းဆောင်ရွက်နေပြီး ၁. ၁. ၂၀၁၅ ရက်မှစ၍ ပြည်ပမှ တင်သွင်းသည့် ကားများအား မော်တော်ယာဉ် ရပ်နားရန်နေရာ (Car Parking)ရှိမှ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်း များအားဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့တွင်း မြို့နယ်များသို့ မော်တော်ယာဉ် စုံဂဏန်း၊ မဂဏန်းအလိုက် နေ့ရက်များ ပိုင်းခြားကန့်သတ်ထားခြင်းအား လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ ယခင်က တစ်နိုင်ငံလုံးရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ယာဉ်စစ်ဆေးခကို(၂၀၀)ကျပ်မှ (၄၀၀)ကျပ်အထိနှင့် နှစ်လဲမှတ်ပုံတင်ခကို (၅၀၀)ကျပ်မှ (၄၀၀၀)ကျပ်ထိကောက်ခံခဲ့ရာမှ ၁. ၈. ၂၀၁၄ ရက်မှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အုပ်စု(၃)စုခွဲပြီး ရန်ကုန်နှင့် မန္တလေးတို့ပါဝင်သော အုပ်စု(၁)တွင်ယာဉ်စစ်ဆေးခနှုန်းထားများမှာ ယာဉ်ငယ်/ယာဉ်ကြီး တစ်စီးလျှင် ကျပ်(၅၀၀၀)မှ (၁၀၀၀၀)ကျပ်သို့လည်းကောင်း၊ အုပ်စု(၁)၏ ယာဉ်မှတ်ပုံတင်ခမှာ ကျပ်(၁၅၀၀၀)မှ ကျပ်(၄၀၀၀၀)အထိသို့ တိုးမြှင့်ပြောင်းလဲကောက်ခံလျက်ရှိပါကြောင်း၊ ယာဉ်စစ်ဆေးခအား (၂၅)ဆ၊ ယာဉ်မှတ်ပုံတင်ခအား (၁၀)ဆမှ (၃၀)အထိ အသီးသီးတိုးမြှင့်ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Micasa ဟိုတယ်၌ ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ကော်မရှင်အနေဖြင့် ဆောင်ရွက်နေသည့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းပိုင်းတွင် လူမှုအဖွဲ့အစည်းများအနေဖြင့် အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့သောကြောင့် အောင်မြင်မှုများရရှိခဲ့ပြီး ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက် ကျင့်ဝတ်ကို ပူးပေါင်းရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၇၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းကြေညာခြင်းကို ပထမအကြိမ်အဖြစ် မတ် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ၁၀ မြို့နယ်တွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ကို လာမည့် မေ ၂၅ ရက်၊ တတိယအကြိမ်ကို ဇွန် ၈ ရက်နှင့် စတုတ္ထအကြိမ်ကို ဇွန် ၂၂ ရက်တို့တွင် ကြေညာသွားနိုင်ရန် လျာထားစီစဉ်လျက်ရှိကြောင်း၊ မဲစာရင်းကြေညာသည့်အချိန်တွင် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုကို မဲပေးနိုင်ရေးအတွက် မဲစာရင်းတွင်ပါရှိရေး မဲစာရင်းကြည့်ရှုကြရန် နှိုးဆော်အသိပညာပေးခြင်းကို ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်း (Voter Education) ကို မေ ၇ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သင်တန်းအမှတ်စဉ်(၁)နှင့်(၂)ကို မေ ၇ ရက်နှင့် မေ ၁၁ ရက်တို့တွင် ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ်(၃) နှင့် (၄)ကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အမှတ်စဉ်(၃) နှင့်(၄)တွင် နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများကို တက်ရောက်ရန် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ လူမှုအဖွဲ့အစည်းများ အနေဖြင့် သင်တန်းတက်ရောက်ပြီးပါက ဆင့်ပွားသင်တန်းပို့ချပြီး ပြည်သူလူထုကို အသိပညာပေးခြင်း ဆောင်ရွက်စေလိုကြောင်း။

ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ပြည်သူလူထုအား အသိပညာပေးခြင်းကို အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဆောင်ရွက်နိုင်သည့် ကဏ္ဍအလိုက် ကော်မရှင်နှင့် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံနည်းပါးပြီး ရွေးကောက်ပွဲဗဟုသုတ အားနည်းသဖြင့် ရွေးကောက်ပွဲအပေါ် အာရုံစိုက်မှုနည်းပါးကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီး၍ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရန်၊ အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်တတ်စေရန်၊ မိမိပေးလိုက်သည့်မဲသည် ပယ်မဲမဖြစ်ရေးတို့ကို လူမှု အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထုကို အသိပညာပေးရန် လိုအပ်ကြောင်း။

ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် မျှတမှုရှိ၊ မရှိ၊ ပွင့်လင်းမြင်သာမှုရှိ၊ မရှိကို လေ့လာအကဲခတ်နိုင်ရန် စောင့်ကြည့်လေ့လာရေး လူမှုအဖွဲ့အစည်းများကို ဖိတ်ခေါ်ထားကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် စောင့်ကြည့်လေ့လာသည့်အခါ ဥပဒေနှင့်အညီဖြစ်၊ မဖြစ်ကို အလေးထား ကြည့်ရှုရန်လိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိအောင်လေ့လာကြရန်နှင့် ပါတီစွဲကင်းပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် ပြည်သူလူထုအနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်များတွင် မှန်မှန်ကန်ကန် မဲပေးနိုင်ရန် လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မဲပေးခြင်းလုပ်ငန်းစဉ်ကိုသရုပ်ပြသခဲ့ပြီးနောက် လူမှုအဖွဲ့အစည်းများမှ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး IFES မှ Mr. Ross Attrll က Voter Education နှင့် Voter Information နည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယနေ့ပြုလုပ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၄၈ ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်း ခြောက်ဖွဲ့မှ တာဝန်ရှိသူ ၆၀ တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးတွင် ရွေးကောက်ပွဲ၌ မဲဆန္ဒပေးခြင်း၊ ဆန္ဒမဲများ စနစ်တကျစိစစ်ကောက်ခံခြင်း သရုပ်ပြသမှုများကို သတင်းမီဒီယာများအား ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

● **ကျောဖုံးမှ**

ပုဏ္ဏမီ-ရွှေလီစီမံကိန်းတွင် ၆၁၈၉ ခန်း၊ ရောဝဏ်-ရွှေလီစီမံကိန်းတွင် အခန်း ၁၀၆၄၊ ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁)(၂)(၃)တွင် ၃၆၀၈ ခန်း၊ မြို့နယ်အိမ်ရာစီမံကိန်းတွင် အခန်း ၁၅၀၀ စုစုပေါင်း လူနေအခန်းပေါင်း ၃၃၃၅၉ ခန်းကို တည်ဆောက်လျက်ရှိသည်။

ယခင်ဖော်ထုတ်ဆောက်လုပ်ပြီး ယုဇနဥယျာဉ်အိမ်ရာစီမံကိန်းတွင် အခန်းပေါင်း ၁၈၀၀၀ ဖြစ်၍ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြီးစီးမည့်အခန်းနှင့် ယခင်ပြီးစီးခဲ့သော အခန်းများနှစ်ရပ်ပေါင်းလျှင် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူနေအခန်းပေါင်း ၅၁၃၅၉ ခန်းဖြစ်၍ အဆိုပါအခန်းများတွင် လူဦးရေစုစုပေါင်း ၂၅၆၈၀၀ နေထိုင်နိုင်မည်ဖြစ်သည်။

အဆိုပါ အိမ်ရာစီမံကိန်းများအတွင်း ကျောင်း၊ ဆေးရုံ၊ လျှပ်စစ်မီး၊ ဈေးများ၊ ဆိုင်ခန်းများ၊ ကားရပ်နားရန် နေရာနှင့် စုပေါင်းရုံးများ၊ ယာဉ်လိုင်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

○ **ယဉ်ကျေးမှုမှ**

ကြောင်းမှာ ရှေးယခင်ကတည်းက ဗုဒ္ဓသာသနာထွန်းကားခဲ့ပြီး ယဉ်ကျေးမှုအဆင့်အတန်းနဲ့ ဆောက်လုပ်ရေးဗိသုကာ အတတ်ပညာတွေမြင့်မားခဲ့တယ်ဆိုတာကို ဒီအနုပညာလက်ရာတွေနဲ့ သက်သေပြချင်လို့ မပျောက်ပျက်အောင်ထိန်းသိမ်းထားတာပါ။ ဒီလို သမိုင်းတန်ဖိုးကြီးမားတဲ့ အနုပညာလက်ရာအမွေအနှစ်တွေကို ဖျက်ပစ်မယ် ဖုံးကွယ်ပစ်မယ်ဆိုရင် အတိတ်ကတန်ဖိုးတွေ တိမ်မြုပ်ပျောက်ကွယ်သွားပြီး သက်သေပြစရာမရှိတော့ဘဲ ဖြစ်သွားမှာပါ။ ဒါကြောင့် စည်းကမ်းချက်တွေ ထုတ်ပြန်ပြီး တားမြစ်တာကို အပြစ်မမြင်ကြပါနဲ့" ဟု ၎င်းက ပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာသုံးစွဲနိုင်ရေးအခက်အခဲများကြောင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းမှုတွင် အားနည်းချက်များရှိခဲ့သော်လည်း သံဃာတော်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သာသနာအကျိုးဆောင်ဘုရားဂေါပကများနှင့် အလှူရှင်တို့၏ ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ရေရှည်တည်တံ့မှုကိုဖြစ်စေသကဲ့သို့ အချို့သော လုပ်ဆောင်မှုများမှာ ရှေးဟောင်းအမွေအနှစ်လက်ရာများအား ပျက်စီးပျောက်ကွယ်သွားစေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ရှေးမူမပျက်ထားရှိမှ ရှေးဟောင်းလက်ရာအစစ်ဖြစ်မှာပါ။ ဒါကြောင့် ဒီလိုဘုရားတွေမှာထီးတင်ခြင်း၊ ထီးအသစ်လဲလှယ်ခြင်း၊ ရွှေသင်္ကန်းနဲ့ ထုံးသင်္ကန်းကပ်လှူခြင်းတွေမှာ မူလလက်ရာပုံစံပြောင်းလဲပျက်စီးသွားစေနိုင်တဲ့အပြင် ရှေးဟောင်းဘုရားတွေရဲ့ အဆောက်အအုံတွေကို ပြုပြင်မယ်၊ ဘုရားပရိဝုဏ်အတွင်း ရေတွင်းရေကန် တူးဖော်မယ်၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်နဲ့ မုခ်ဦးတွေတည်ဆောက်မယ်ဆိုရင် မူလလက်ရာတွေကို ထိခိုက်ပျက်စီးသွားစေနိုင်တဲ့အတွက် ဒီလုပ်ငန်းတွေကို ဆောင်ရွက်တော့မယ်ဆိုရင် ကျွန်တော်တို့ဌာနကို အသိပေးပြီး ပူးပေါင်းဆောင်ရွက်စေလိုပါတယ်"ဟု ၎င်းကဆိုသည်။

ယဉ်ကျေးမှုအမွေအနှစ်ဟူသည် အတိတ်၏အမွေ၊ ပစ္စုပ္ပန်၏အထိန်းအကွပ်၊ အနာဂတ်အတွက်အင်အားကို ဖြစ်စေနိုင်သောကြောင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များအများဆုံးစုဝေးရာ ရှေးဘုရားများတွင် ဘာသာသာသနာအကျိုးအတွက်ဆောင်ရွက်နေကြသော ဂေါပကအဖွဲ့များ၏ ကူညီစောင့်ရှောက်မှုဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲစေနိုင်ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တရားခံပြေးတစ်ဦးအား ဘားအံမြို့လယ်ရှိ ၎င်းနေအိမ်၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**ဘားအံ မေ ၁၄**

တရားခံပြေးတစ်ဦးအား ဘားအံမြို့လယ်ရှိ ၎င်း၏နေအိမ်သို့ပြန်လာစဉ် သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ လက်ပစ်ဗုံးအပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ မေ ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက်က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရဲအကူတပ်ဖွဲ့ခွဲက ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး မောင်စိုး(ခ)ဆွန်မက်မှာ ဘားအံမြို့အမှတ်(၅)ရပ်ကွက် ရဲဘော်ဈေးရှိ"ဝင်း"လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စုံစမ်းခဲ့ရာ အစိမ်းရောင်စစ်သုံးဘေးလွယ်အိတ် တစ်လုံးလွယ်လျက် ဆိုင်ကယ်စီးပြီး မြို့မဈေးဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရ၍ ဆက်လက်စုံစမ်းရှာဖွေခဲ့သည်။

တရားခံပြေး၏ ဇနီး နေအိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ မောင်စိုး(ခ) ဆွန်မက်အား နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းထဲတွင်တွေ့ရှိခဲ့ရပြီး ၎င်း၏ အစိမ်းရောင်ပြောက်ကျားဘေးလွယ်အိတ်အားရှာဖွေရာ သစ်သားရိုးဒင်တပ်ထားသော ဒသမ ၃၂ ဗို့ ခြောက်လုံးပြူးတစ်လက်၊ သေနတ်အတွင်း အသင့်ထည့်ထားသော ၃၂ ဗို့ကျည်ငါးတောင့်၊ ၉၀ မမ လက်ပစ်ဗုံးတစ်လုံး၊ စနက်တံတစ်ခု၊ အနက်ရောင်ကျည်ထည့်ထားသည့် ခါးပတ်အိတ်တစ်ခုနှင့် ကျည်၊ ဓား၊ ငွေတို့ကို တွေ့ရှိရ၍စစ်မေးရာ မောင်စိုး(ခ)ဆွန်မက်က ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း ဝန်ခံအပ်နှံပေးခဲ့သဖြင့် ဒုရဲအုပ်စိုးခိုင်က ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်သူ တရားခံပြေး မောင်စိုး(ခ)ဆွန်မက် (၅၂) ဈေးတန်းလမ်းအမှတ်(၂) ရပ်ကွက် ဘားအံမြို့နေသူအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချစ်ကြည်ရေးခရီးစဉ်များမှ ပြန်လည်ရောက်ရှိ



**နေပြည်တော်　　မေ　　၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံနှင့် ဆားဗီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မေ ၁၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ Nikola Tesla အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ယူအေအီးနိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်　　မေ　　၁၄**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် ပြင်သစ်နိုင်ငံ Security and Defence Cooperation of the French Ministry of Foreign Affairs (DCSC) မှ Deputy Director ဖြစ်သူ Mr. Thierry VANKERK-Hoven အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများ၊ စစ်ရေးနှင့်မသက်ဆိုင်သည့် သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Mr. Thierry VANKERK-Hoven နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံစစ်သံမှူး Lt.Col.Thierry Poignant နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**

## တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော်　　မေ　　၁၄**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၈၈ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၁ ဒသမ ၁၅ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ကိုယ့်လူမျိုးတွေ တခြားနိုင်ငံမှာ ဒုက္ခရောက်နေတာကို မြန်မာလူမျိုးအချင်းချင်း တတ်နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးတာဖြစ်

တွေ့ဆုံမေးမြန်း - သီသီမင်း
ဓာတ်ပုံ - မင်းသစ်

**လူကုန်ကူးခံရပြီး အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများပေါ်တွင်ရောက်ရှိနေသည့် မြန်မာရေလုပ်သားများ နေရပ်ပြန်နိုင်ရေး မြန်မာအစိုးရနှင့် အင်ဒိုနီးရှားအစိုးရတို့ ပူးပေါင်းပြီး မြန်မာရေလုပ်သား ၁၂၅ ဦးကို MAI လေကြောင်းမှ အခမဲ့ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။**

**မြန်မာရေလုပ်သားများ နေရပ်ပြန်နိုင်ရန် ကူညီဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူကုန်ကူးခံရပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာရေလုပ်သားများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-**

**ရဲမှူးရဲဝင်းအောင်**
**တပ်ဖွဲ့စုမှူး၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့(ရန်ကုန်)**

"အခု ပြန်လည်ရောက်ရှိလာတဲ့ သူတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ကြိုဆိုရေးတွေလုပ်မယ်။ လူမှုဝန်ထမ်းဦးစီးဌာနက စီစဉ်ထားတဲ့ နားနေဆောင်ကို ပို့ပေးတဲ့အခါ လိုက်ပါပြီး လိုအပ်တာကို ကူညီပေးမယ်။ ပြီးတော့ သူတို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ၊ အချက်အလက်တွေကိုပြုစုပြီး သက်ဆိုင်ရာတိုင်းနဲ့ပြည်နယ်ကို ရောက်သွားတာနဲ့ သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ တပ်ဖွဲ့တွေကနေ အသေးစိတ်စစ်ဆေးဖို့ လိုအပ်တာတွေ စီစဉ်ဆောင်ရွက်ထားဖို့ စီစဉ်ထားတယ်။ အသေးစိတ်စစ်ဆေးပြီးပြီဆိုတာနဲ့ လူကုန်ကူးဥပဒေနဲ့ ကျွန်တော်တို့က သူတို့ကို နစ်နာအောင်ပြုလုပ်ခဲ့တဲ့ လူပွဲစားတွေကိုဖော်ထုတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားဖို့ရှိတယ်။ နောက်တစ်ခုက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကနေပြီးတော့ ပြန်လာတဲ့ ၁၂၅ ဦးကို တစ်ယောက်ကို တစ်သိန်းကျပ်နှုန်းနဲ့ ထောက်ပံ့ဖို့ အစီအစဉ်လုပ်ထားတာရှိပါတယ်"။

**မအေးမရသာ**
**(MAI)အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း**

"အမိက ကျွန်မတို့ကမ္ဘောဇအုပ်စု MAI က ကမ္ဘောဇဘဏ်ရဲ့ စီစဉ်ပေးမှုနဲ့ လူကုန်ကူးခံရတဲ့ မြန်မာနိုင်ငံသား ရေလုပ်သားတွေအတွက် အခမဲ့စီစဉ်ပေးတာပါ။ ဒီတစ်ကြိမ်တည်းတော့ မဟုတ်ပါဘူး၊ နောက်ထပ် သုံးကြိမ်ကျန်ပါသေးတယ်။ ဆက်တိုက်ဆိုသလို လေယာဉ်နဲ့ ခေါ်ဆောင်ပေးသွားမှာပါ။ တစ်ခေါက်ကို ဒေါ်လာ တစ်သိန်းနဲ့ လေးခေါက်ဆိုတော့ လေးသိန်းရှိပါတယ်။ အခုလို ကူညီတာ ကိုယ့်လူမျိုးတွေ တခြားနိုင်ငံမှာ ဒုက္ခရောက်နေတာကို မြန်မာလူမျိုးအချင်းချင်း တတ်နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးတာပါ"။

**ဒေါ်ယုယုဆွေ**
**ညွှန်ကြားရေးမှူး**
**လူမှုဝန်ထမ်းဦးစီးဌာန**

"ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့က အင်ဒိုနီးရှားနိုင်ငံကို သွားရောက်ပြီး လူကုန်ကူးခံရတဲ့သူတွေရဲ့ သတင်းအချက်အလက်တွေ သွားယူတဲ့အခါ ကျွန်မတို့ ဌာနကလည်း ပါဝင်ခဲ့တယ်။ ရရှိလာတဲ့ သတင်းအချက်အလက်တွေကို စာရင်းပြုစုတယ်။ ရေလုပ်သားတွေ ပြန်လာတဲ့အခါ နေဖို့ ထိုင်ဖို့၊ စားဖို့ သောက်ဖို့တွေ အကုန်စီစဉ်ထားတယ်။ သူတို့အတွက် လူဝင်မှုကြီးကြပ်ရေးနဲ့ မှတ်ပုံတင်ဌာနကနေ လိုအပ်တဲ့ ခရီးသွားထောက်ခံစာတွေရဖို့ရယ် အလုပ်သမားဦးစီးဌာနကလည်း အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်ပြီး ဘာတွေရှိတယ်ဆိုတာကို ပြောမယ်။ နောက်ပြီး ကျန်းမာရေးစစ်ဆေးတာတွေလုပ်ပေးသွားမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကိုလည်း ကြိုတင်အကြောင်းကြားထားပါတယ်။ သူတို့နေရပ်အသီးသီးကို ပြန်တဲ့အခါ လာရောက်ကြိုဆိုဖို့ အကုန်စီစဉ်ထားပါတယ်"။

**တင်မောင်ထွေး**
**(ရေလုပ်သား) လှည်းကူးမြို့နယ်**

"ကော့သောင်းမှာ အလုပ်သွားလုပ်ရင်းကနေ ပွဲစားကနေခေါ်လို့ အင်ဒိုနီးရှားမှာ ဘတ်တစ်သောင်းကျော်ရမယ်ဆိုလို့ လိုက်သွားတာပါ။ လှေတစ်ခေါက်ကမ်းဝင်ရင် သုံးဖို့ ငွေတော့ ထုတ်ပေးပါတယ်။ တစ်ခေါက်ဝင်ရင် ၄၅ ရက်၊ နှစ်လကြာပါတယ်။ လစာရယ်တော့ အတိအကျမပေးပါဘူး အဲ့မှာနေထိုင်တဲ့အချိန် ညှဉ်းပန်းနှိပ်စက်မှုတွေရှိတယ်။ တချို့ဆို အသတ်တောင်ခံရတယ်။ အင်ဒိုနီးရှားကိုရောက်တာ နှစ်နှစ်ကျော်သွားပြီ။ နောက်လူတွေ လူကုန်ကူးမခံရအောင် ဘယ်နိုင်ငံကိုမဆို သတိထားသွားကြဖို့ ပွဲစားတွေကို မယုံဖို့ပြောချင်ပါတယ်။



**ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။**

**စောအောင်(ခ)**
**အောင်ကြီး(ရေလုပ်သား)**
**သယ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

"ကျွန်တော် အင်ဒိုနီးရှားကို ရောက်တာ သုံးနှစ်ကျော်သွားပြီ။ ၂၀၁၂ လောက်က စသွားတာ မြန်မာနိုင်ငံက တာဝန်ရှိသူတွေက ဟိုမှာလာပြီး စစ်ဆေးမေးမြန်းပြီး လာခေါ်တယ်။ ကျေးဇူးတွေအများကြီးတင်ပါတယ်။ သူတို့လာခေါ်လို့ ပြန်လာရတာပါ။ နေထိုင်ရတဲ့အခက်အခဲက လူမျိုးပေါင်းစုံနဲ့နေရတော့ အခက်အခဲပေါင်းစုံရှိပါတယ်။ ကိုယ့်မိသားစုနဲ့ ကိုယ်ပြန်ဆုံရတော့ အလွန်ဝမ်းသာပါတယ်"။

ယနေ့မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် မြန်မာရေလုပ်သား ၁၂၅ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂ ဦး၊ မွန်ပြည်နယ်မှ ၁၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ကရင်ပြည်နယ်မှ လေးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။ ။

# ကိုဒေါင်းစိန်တို့ ရွာကလေး

**ဇော်မင်း (ခနဖြူ)**

ကျေးရွာကလေး၏ပတ်ဝန်းကျင်တွင် ရေပတ်လည်ဝန်းရံလျက်ရှိပြီး ရွာ၏အရှေ့ဘက်တွင် အစွန်ကျေးရွာနှင့်ဆက်သွယ်ထားသော ရေပေါ်ဝါးတံတား၊ တောင်ဘက်တွင် စိမ်းစိုနေသော လယ်ကွင်းများ၊ ရွာ၏အနောက်ဘက်တွင် ကြည်ညိုဖွယ်ရာ ပြည်လုံးချမ်းသာ ရွာဦးစေတီနှင့် ရိုးချောင်းကမ်းနဖူးပေါ်တွင် မေးတင်နေသည့် ရွာတန်းရှည်ရွာလေးဖြစ်ပါသည်။ ကွေးဝိုက်နေသော ရိုးချောင်းအလှ၊ သေသပ်စွာတည်ဆောက်ထားသော ရေပေါ်ဝါးတံတား၊ စိမ်းလန်းစိုပြည်နေသော လယ်ကွင်းများ၊ အုံ့ဆိုင်းနေသော သစ်ပင်၊ဝါးပင်များဖြင့် အလွန်လှပ၍ သာယာသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။

လှပ၍ သာသာယာယာရှိသော ရွာကလေးသည် ဧရာဝတီတိုင်းဒေသကြီး ခနဖြူမြို့နယ်၏ တောင်ဘက်အစွန်အဖျားကျသော ရေလုပ်ငန်းကိုအဓိက လုပ်ကိုင်သည့် ရေလုပ်သားများနေထိုင်ရာ 'ဗျင်းဘွဲ့ရွာကလေး' ဖြစ်ပါသည်။ ဗျင်းဘွဲ့ကျေးရွာသား စာရေး



ဆရာကြီး 'ကြယ်နီ' သည် ဗျင်းဘွဲ့ ရွာသူ ရွာသား ရေလုပ်သားတို့၏ ဆင်းရဲနွမ်းပါးပုံ၊ အင်းချောင်းရိုးများအတွင်း ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားကြရပုံ၊ အင်းသားကြီးများ၏ လက်သပ်မွေးထားသော လူမိုက်များက နှိပ်စက်ကြပုံ၊ ကုန်သည်ပွဲစားများက တံငါသည်ရေလုပ်သားတို့ထံမှ ခေါင်းပုံဖြတ် အမြတ်ကြီးစားကြပုံ၊ ရေလုပ်သားတံငါသည်တို့၏ နေထိုင်ပုံ၊ စားသောက်ပုံ၊ ပြောဆိုပုံ၊ ဓလေ့ထုံးစံများ၊ တံငါလုပ်ငန်းများနှင့် တံငါဝေါဟာရများကို စိတ်ဝင်စားဖွယ် ရသများပေါ်လွင်အောင် ရေးသားခဲ့ပါသည်။

ဗျင်းဘွဲ့ကျေးရွာရှိ ရေလုပ်သားများကိုအခြေခံပြီး ကိုဒေါင်းစိန်၊ မယ်စိန်တို့လင်မယားကို ပင်တိုင်ထားကာ 'ကိုတံငါ' ဝတ္ထုတွင် တွဲဖက်ပါဝင်သော ဇာတ်ကောင်များဖြစ်သည့်

- ဘဝတူရေလုပ်သား မုဆိုးဖိုတစ်ကိုယ်တည်း - ကိုရင်မောင်
- ကိုဒေါင်းစိန်အိမ်ဘေးက ဘဝတူတံငါသည် - ကိုဖိုးကွန့်၊ ဇနီးမပြားကြီး
- နှပ်ချေးတွဲလောင်း ရွှေပန်းငေါက်တောက်နှင့် အသက်ဆယ်နှစ်အရွယ် - ဒီလုံး
- အပြောအဆိုကြမ်းတမ်းပက်စက်သည့် ငါးစိမ်းသည် - မမယ်ရင်
- အမြတ်ကိုသာ အဓိကထားသည့် ကုန်သည်ပွဲစားကြီး - ဦးဘမောင်
- ပိုက်သမား၊ ကွန်သမားအစ အင်းသားကြီးအဆုံး အားလုံးသော တံငါသည်အပေါင်းတို့၏ အာဏာရှင်ကြီး - အင်းအင်စပတ်တာ စသည်တို့၏ ဘဝသရုပ်ဖော်ပုံကို ဖတ်ရှုလေ့လာမှတ်သားရပါသည်။

စာရေးသူအနေဖြင့် ခနဖြူမြို့နယ်ရှိ ဗျင်းဘွဲ့ကျေးရွာ (ကိုဒေါင်းစိန်တို့ရွာကလေး)ကို ကွင်းဆင်းလေ့လာခွင့်ရရှိခဲ့ပါသည်။ ဗျင်းဘွဲ့ကျေးရွာသား အသက်(၉၃)နှစ်အရွယ်ရှိ အဘ ဦးထွန်းရွှေက"တို့ရွာကလေးဟာ မြန်မာရွာကလေးပါ။ ရေလုပ်ငန်းနဲ့ ရှာဖွေစားသောက်ကြပါတယ်။ အင်္ဂလိပ်လက်ထက်က ရွာနှစ်ကြိမ်မီးလောင်ခံရတယ်။ တံငါသည်တွေဟာ စုန်း၊ နတ်၊ ကဝေ တွေကို ယုံကြည်မှုလွန်ကဲနေတယ်။ နေတော့တဲစုတ်၊ စားတော့ မလောက်င ဖြစ်ကြတယ်။ ဆရာ "ကြယ်နီ" မြို့ကနေရွာပြန်လာတဲ့အခါ စိတ်မကောင်းစရာမြင်တွေ့ခဲ့ရပြီး သူကိုယ်တိုင် ရေလုပ်သားတွေဘဝ လက်တွေ့လေ့လာပြီး ဝတ္ထုရေးသားခဲ့တာပါ။ တံငါသည်တို့ရဲ့ ဒုက္ခ၊ ခံစားချက်တွေကို ၁၉၅၈ခုနှစ်က ရွာမှာ ပြဇာတ်ကပြခဲ့တယ်။ ဇာတ်ဝင်ခန်းသီချင်းလေး မှတ်မိသလောက်ဆိုပြမယ်ဆိုပြီး" အဘဦးထွန်းရွှေက ခေါင်းကလေး လှုပ်ကာ လှုပ်ကာနဲ့ သီချင်းကိုဆိုပြခဲ့ပါတယ်။

"ဒို့ရေလုပ်သား ဆင်းရဲသားတွေ ဖြစ်ပုံမှာကွယ်. . . နေ့စဉ်ပင်တကုတ်ကုတ်နဲ့ ယင်းကျစ်လို့ ဝါးကိုင်လုပ်ရတယ်. . . တစ်နေ့ပင်လုပ်ခလေး ဆန်တစ်တင်း တစ်ဆယ်ဈေးနဲ့ ပေးရပြန်တယ်. . . ဟယ်. . . ဟယ်. . . ကြက်သွန်နဲ့ငရုတ်သီးဟာ အထုပ်ကြီးနဲ့ပါလာတယ်။ ဆီနဲ့လက်ဖက်ခြောက်ကလည်း ထက်ဝက်လောက်လည်း အမြတ်ယူထားတယ်. . ." လို့ သီဆိုပြီး "အခုအချိန်မှာတော့ ကျေးရွာကတိုးတက်နေပါပြီ။ ရေလုပ်သားတွေ ရိုးချောင်းလေးမှာ လွတ်လွတ်လပ်လပ် ရှာဖွေစားသောက်လို့ရပါပြီ။ ဘယ်အင်းသားမှလည်း မနှိပ်စက်တော့ပါဘူး"ဟု ပြောပါသည်။

ရေလုပ်သား ကိုရဲရွှေကလည်း "အင်းတွေကို နယ်နိမိတ်အတိအကျသတ်မှတ်ပြီး အင်းချောင်း ပြင်ပရိုးချောင်းတွေ၊ ရေနက်ကွင်းတွေ၊ ဘုံငါးဖမ်းကွက်တွေမှာ ငါးရစ်ငါးသန်ချိန်ကလွဲပြီး လွတ်လွတ်လပ်လပ်ရှာဖွေခွင့်ရပါပြီ။ ကျွန်တော့်အိမ်ကိုလည်း သွပ်မိုးနိုင်ပါပြီ။ ဆိုလာပြားနဲ့လည်း မီးလင်းနေပါပြီ"ဟု ပြောပြသည်။

ကျေးရွာဖွံ့/ထောက်ဥက္ကဋ္ဌ(စာရေးဆရာကြီး "ကြယ်နီ"၏တူ)ကလည်း "ဗျင်းဘွဲ့ကျေးရွာမှာ အိမ်ခြေ ၁၉၆ အိမ်ရှိပါတယ်။ ကျွန်တော်တို့ရေလုပ်သားရွာကလေးဟာ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ တိုးတက်လာပါတယ်။ အခြေခံမူလတန်းလွန်ကျောင်းလည်း ရှိပြီး ကျောင်းသား ကျောင်းသူ ၁၆၈ ဦး စာသင်နေကြရပါပြီ။ စစ်ဗိုလ်ကြီးတွေ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ ဆရာမတွေ ပေါ်ထွက်နေပါပြီ။ ခနဖြူမြို့မှ ကျေးရွာအထိ မြေသားလမ်းတွင် ဆိုင်ကယ်၊ ကား၊ ဂွန်ဒေါင်းတွေသွားလို့ရပါပြီ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပေ ၂၀၀ အရှည်၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်အစွန်တံတား၊ ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ် လျှပ်စစ်မီး၊ မြေသားသောက်ရေကန်၊ သောက်သုံးရေအတွက် ရေတုံကင် ကိုးခုရှိပြီး ရေကြီးနစ်မြုပ်မှုမရှိစေရန် အတွက် အစွန်-နှံကောတာတမံ၊ ရွာလယ်ကွန်ကရစ်လမ်း အရှည်ပေ ၁၂၅၀ အကျယ် ရှစ်ပေ၊ ရေသန့်စက် တစ်လုံး(အုတ်ရေကန်ပါ)၊ ဓမ္မာရုံ၊ စာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားစေတီတွေ ရှိနေပါပြီ။ ကျွန်တော်တို့ရွာကလေး ပြည့်ပြည့်စုံစုံ မြို့နဲ့မခြား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ဌာနဆိုင်ရာတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

စာရေးသူအနေဖြင့် ရွာအဝင် ကြည်လင်အေးမြသော ချောင်းရေပြင်ပေါ်တွင် ပြုလုပ်ထားသော ရေပေါ်ဝါးတံတားလေးမှတစ်ဆင့် ရွာလယ်ကွန်ကရစ်လမ်းတစ်လျှောက် လေ့လာခဲ့ရပါသည်။ ကွန်ကရစ်လမ်းဘေးတွင် အစီအရီစိုက်ထူထားသော ဆိုလာမီးတိုင်များ၊ တိုက်တာအဆောက်အအုံ အိမ်ကြီးအိမ်ကောင်းများ၊ အိမ်သစ်ဆောက်နေသူများ၊ အိမ်ခေါင်မိုးပေါ်တွင် စကိုင်းနက်ဂြိုဟ်တုစလောင်းများ၊ တီဗွီအင်တာနာများ၊ လမ်းပေါ်တွင် ပိုက်သိမ်းပြန်လာသူ၊ ငါးရောင်းသူ၊ ငါးခြောက်လှန်းသူ၊ စက်ဘီး၊ ဆိုင်ကယ်စီးသူများ၊ ဆော့ကစားနေသော ကလေးငယ်များ၊ ရွာလယ်ကဦးသာဟန်၊ ဒေါ်မပေါ အလှူပြုလုပ်ရန်အတွက် တက်ညီလက်ညီနှင့် မဏ္ဍပ်ထိုးနေကြသူများ၊ အခမ်းအနားပြင်ဆင်သူများ၊ ထင်းခွဲ ရေခပ်၊ ကြက်သွန်လှီးသူများ၊ ချက်ပြုတ်ကြော်လှော်နေကြသူများ၊ ရွာလယ်ဓမ္မာရုံရှေ့ ဒီလုံးအရွယ် (၁၀)နှစ်သားကလေးများ ကျောင်းစိမ်းဝတ်စုံဖြင့် ဖုန်းပြောသူကပြော၊ ဂိမ်းကစားသူက ကစား၊ ဆွမ်းခံကြွချိန် ရွာဦးကျောင်းက ဆရာတော်၊ သံဃာတော်များအား စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းလောင်းနေသူများ၊ ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှသော ပြည်လုံးချမ်းသာစေတီတို့ကို မြင်တွေ့ခဲ့ရပါသည်။ "ကိုဒေါင်းစိန်တို့ရွာကလေး" သည် ယခင်ကနှင့်မတူ ဖွံ့ဖြိုးစည်ပင်တိုးတက်ပြောင်းလဲနေသည်ကို စိတ်ချမ်းမြေ့စွာ မြင်တွေ့ခဲ့ရပါသည်။

စာရေးဆရာကြီး "ကြယ်နီ" ၏မွေးရာဇာတိမြေရှိ တံငါသည်တို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုသော"ဗျင်းဘွဲ့ရွာကလေး" သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးတို့နှင့် စည်ပင်တိုးတက်နေပါပြီဟု ရေးသားတင်ပြလိုက်ပါသည်။ ။

# နိုင်ငံခြားအာမခံလုပ်ငန်းများကို အထူးစီးပွားရေးဇုန်များတွင်သာ လုပ်ပိုင်ခွင့်ပေးသွားမည်

**ရန်ကုန် မေ ၁၄**

နိုင်ငံခြားအာမခံလုပ်ငန်းများကို ပူးတွဲအာမခံလုပ်ငန်းများအဖြစ် လက်ခံသွားရန်နှင့် အထူးသဖြင့် အထူးစီးပွားရေးဇုန်များတွင် လုပ်ပိုင်ခွင့်ပေးရန် ရွေးချယ်နေကြောင်း၊ Business Interruption Insurance ပါဝင်လာနိုင်အောင် လုပ်ဆောင်နေကြောင်းနှင့် အောက်တိုဘာလတွင် စတင်နိုင်ရန်ကြိုးပမ်းနေပြီး ယခုလို ပြည်ပအာမခံလုပ်ငန်းများ ဝင်ရောက်ခြင်းဖြင့် Business Strategy နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းများမှဝင်ငွေ တစ်ဘီလီယံရရှိခဲ့ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမှ အာမခံလုပ်ငန်းများကို ထားဝယ်ရေနက်ဆိပ်ကမ်းစီးပွားရေးဇုန်တွင် လုပ်ဆောင်နိုင်ရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ Dongbu Insurance သည် ပထမဦးဆုံး မော်တော်ကားအာမခံဖြင့် ထင်ရှားလာခဲ့ပြီး ရေကြောင်းအာမခံ၊ မီးအာမခံ၊ ကျန်းမာရေးအာမခံ၊ ထိခိုက်နစ်နာမှုအာမခံများ လုပ်ဆောင်နေသည့် ကိုရီးယားနိုင်ငံကိုယ်စားပြု အာမခံလုပ်ငန်းတစ်ခုဖြစ်ပြီး တောင်ကိုရီးယား၊ တရုတ်၊ အမေရိကန်နိုင်ငံတို့တွင် တိုးချဲ့လုပ်ကိုင်ခဲ့ကြောင်း၊ နယူးယောက်၊ ဟာဝိုင်ယီ၊ ကိုရီးယားရုံးခွဲလေးခုတွင် ပြီးခဲ့သည့်နှစ်က ငွေသန်းပေါင်း ၂၀၀၀ ခန့် ဝင်ငွေရရှိခဲ့ပြီး တည်ငြိမ်သည့်ဈေးကွက်ကိုထိန်းထားလျက်ရှိကြောင်း၊ ၁၃ နှစ်အတွင်း တရုတ်နိုင်ငံ အာမခံဈေးကွက်တွင်လည်း တိုးတက်မှုများရရှိခဲ့ပါကြောင်းနှင့် နှစ်နိုင်ငံ အာမခံလုပ်ငန်းများအကြား နားလည်မှုပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အာမခံကဏ္ဍတိုးတက်ကောင်းမွန်အောင် မြန်မာနိုင်ငံသားများအတွင်း အာမခံလုပ်ငန်းအကြောင်း ပိုမိုသိရှိနားလည်စေရန်နှင့် မြန်မာနိုင်ငံ အာမခံလုပ်ငန်း စဉ်ဆက်မပြတ်တိုးတက်စေရန် အာမခံအတွေ့အကြုံများ ယူဆောင်ပေးလာခြင်းဖြစ်ကြောင်း Dongbu Insurance ဥက္ကဋ္ဌ Mr. Kim, Jeong Nan ကပြောသည်။

Dongbu Insurance သည် ပထမဆုံးသော ကိုရီးယားနိုင်ငံ၏ အာမခံလုပ်ငန်းဖြစ်ပြီး အာမခံလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးမှုတွင် ပျက်စီးဆုံးရှုံးမှုများအတွက် ကာကွယ်ပေးသည်။ အမေရိကန် သုတေသနပြုချက်တစ်ခုအရ လာမည့် နှစ် ၂၀ အတွင်း မြန်မာနိုင်ငံ သယံဇာတနှင့် လူသားအရင်းအမြစ်များအရ နှစ်စဉ် ရှစ်ရာခိုင်နှုန်းတိုးတက်ဖွယ်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ၂၀၁၂ ခုနှစ်မှစတင်ပြီး ပုဂ္ဂလိက အာမခံလုပ်ငန်းများ ထွန်းကားခဲ့ပြီး ပြည်တွင်းပိုင် အာမခံကုမ္ပဏီ ၁၂ ခုရှိကြောင်း၊ နိုင်ငံခြားအာမခံ ကုမ္ပဏီရုံး ၁၆ ခု ရှိကာ တိုက်ရိုက်အာမခံလုပ်ငန်းများဖြစ်ပြီး လေကြောင်း အာမခံ၊ ရေကြောင်း အာမခံ၊ မီးအာမခံနှင့်ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း အာမခံလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံလုပ်ငန်းများကိုလည်း ယခုလအတွင်း လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ဦးမောင်မောင်သိမ်းက ပြောသည်။ **(သန့်ဇင်ဝင်း)**

# ရေသွင်းစိုက်ပျိုးမှုများရှိခြင်းကြောင့် စားကျက်မြေပေါ်များ ဆိပ်ဖြူမြို့ရှိ ဆိတ်၊ နွားမွေးမြူသူများ အဆင်ပြေ

**ဆိပ်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြသည်။ ဆိပ်ဖြူမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး ဆိပ်ဖြူမြို့ရှိ ကိုင်းမြေစိုက်တောင်သူများသည် မြေအောက်ရေကို ရယူ၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားအသုံးပြုလာကြသည်။ ထိုသို့စိုက်ပျိုးလာမှုကြောင့် တောင်သူများ သီးနှံရိတ်သိမ်းပြီးချိန်တွင် ဆိတ်၊ နွားမွေးမြူသူများအတွက် စားကျက်မြေပေါ်များ၍ ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရသည်မှာ အဆင်ပြေကြောင်းသိရသည်။

မိုးနှင့်ဆောင်းရာသီကာလများတွင် ဆိပ်ဖြူမြို့၏မြောက်ဘက် ခင်တန်းများပေါ်ရှိ စားကျက်မြေများသို့သွားရောက်၍ ဆိတ်၊ နွားများကို ထိန်းကျောင်းရကြောင်း၊ နွေရာသီတွင် တောင်သူများ၏ ရေသွင်းစိုက်ပျိုးမှုကြောင့် သီးနှံများစိုက်ပျိုးရိတ်သိမ်းပြီးသည့်အခင်းများတွင်သွားရောက်၍ စားကျက်ချရကြောင်း ဆိတ်မွေးသူတစ်ဦး၏ပြောပြချက်အရသိရသည်။ မရိတ်သိမ်းရသေးသည့် သီးနှံအခင်းများအား ဆိတ်၊ နွားများကြောင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**



# မြန်မာနိုင်ငံမှသူနာပြုတစ်ဦး (၄၅)ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုရရှိ လောက်ကိုင်တိုက်ပွဲတွင် အသက်ပေးလှူသွားသူ ဦးမိုးကျော်သန်း ဟင်နရီဒူးနန့်ဆု ရွေးချယ်ခြင်းမခံရ



**ရန်ကုန် မေ ၁၄**

၂၀၁၅ ခုနှစ် မေ ၁၂ ရက် (ကမ္ဘာ့သူနာပြုများနေ့)တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)၌ ထုတ်ပြန်ကြေညာသော (၄၅) ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုကို မြန်မာနိုင်ငံမှ ဦးစနိုင်နိုင်ထွန်း အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ သူနာပြု ၃၆ ဦးရရှိခဲ့သည်။

ဦးစနိုင်နိုင်ထွန်းသည် ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းကာလအတွင်း မိမိတာဝန်ကျရာ ဟိုင်းကြီးကျွန်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဘေးကင်းရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှေးဦးသူနာပြုပေးခြင်းတို့ကို သက်စွန့်ဆံဖျား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောကြောင့် အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကာလအတွင်း အများပြည်သူကဲ့သို့ မိမိသည်လည်း မုန်တိုင်းဒဏ်ကို ကိုယ်တွေ့ရင်ဆိုင်ရ၍ ကြောက်ရွံ့ခဲ့ရပါကြောင်း၊ သို့သော် မိမိတတ်ကျွမ်းထားသည့် သူနာပြုအတတ်ပညာများဖြင့် အများပြည်သူကိုကူညီရင်း ကြောက်ရွံ့မှုများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ သူနာပြုတစ်ယောက်အနေဖြင့် ထိတ်လန့်ဖွယ်အမှတ်တရများနှင့်အတူ ဂုဏ်ယူဖွယ်အမှတ်တရများလည်း ဖြစ်ခဲ့ပါကြောင်း ဦးစနိုင်နိုင်ထွန်းက ပြောကြားခဲ့သည်။

ဖလောရင့် နိုက်တင်ဂေးဆုဆိုသည်မှာ သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း ဒဏ်ရာရနေသူ၊ ဖျားနာနေသူ၊ မသန်စွမ်းဖြစ်နေသူ ပြည်သူများကို သက်စွန့်ဆံဖျား ကူညီကယ်ဆယ်ပြုစုသူ(သို့မဟုတ်) လူထုကျန်းမာရေး သို့မဟုတ် သူနာပြုအသိပညာဆိုင်ရာကိစ္စများတွင် စံပြုထိုက်လောက်အောင် ဦးစီးဦးဆောင်က တီထွင်ဖန်တီးလုပ်ဆောင်သူ သူနာပြုများအတွက် ရည်ရွယ်ကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများက ဦးဆောင်ချီးမြှင့်သော ဆုဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သော ယင်းဆုမှာ သူနာပြုများအတွက် ကမ္ဘာ့အမြင့်ဆုံးဆုဖြစ်ပြီး ယနေ့အထိ ၁၄၄၉ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုတစ်ကြိမ်နှင့်ဆိုလျှင် မြန်မာနိုင်ငံ၌ ဖလောရင့်နိုက်တင်ဂေးဆုရရှိသူ လေးဦးရှိပြီဖြစ်ကြောင်းလည်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးဒုက္ခသည်များအား ဘေးကင်းရာ ပြောင်းရွှေ့ပေးပြီး နေ့မအားညမနား ပြုစုခြင်း၊ ဒဏ်ရာရ ဗမာ့လွတ်လပ်ရေး တပ်မတော်သားများအား ပြုစုခြင်း၊ ဂျပန်တော်လှန်ရေးတွင် တိုင်း(၄) ဆေးတပ်ဖွဲ့နှင့် ၎င်းရဲဘော်များအား ပြုစုခဲ့ခြင်းတို့ကြောင့် ၁၉၆၃ ခုနှစ်တွင် သူနာပြုဆရာမကြီး ဗိုလ်မှူး ဒေါ်ခင်အုန်းမြကလည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော် စစ်ကြောင်း ဒဏ်ရာရရဲဘော်များနှင့် အရပ်သူအရပ်သားများအား သက်စွန့်ဆံဖျား ပြုစုခြင်းကြောင့် ၁၉၉၃ ခုနှစ်တွင် သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယော်နမ်က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့တွင် မီးလောင်နေသော နေအိမ်အတွင်းမှ အသက်ရှစ်နှစ်အရွယ် ကလေးငယ်အား စွန့်စွန့်စားစား ကယ်တင်ခဲ့သည့်အတွက် ၂၀၀၁ ခုနှစ်တွင် သားဖွားဆရာမ ဒေါ်သိန်းရီကလည်းကောင်း ဖလောရင့်နိုက်တင်ဂေးဆု အသီးသီးရရှိခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှပေးပို့သော (၄၅) ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုရရှိသူများစာရင်း ထုတ်ပြန်အကြောင်းကြားစာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အချိန်ပြည့်အမှုဆောင်ပါမောက္ခ ဒေါက်တာမြသူတို့က ဆုရရှိသူ ဦးစနိုင်နိုင်ထွန်းထံသို့ မေ ၁၃ ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်ရုံးခွဲ) ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

သို့သော် လောက်ကိုင်ဒေသ၌ တိုက်ပွဲရှောင်ပြည်သူများကို ကူညီကယ်ဆယ်ရင်း အသက်ဆုံးရှုံးခဲ့သူ ဦးမိုးကျော်သန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဟင်နရီဒူးနန့်ဆုချီးမြှင့်ပေးရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ယခုနှစ် မတ်လအတွင်း၌ အဆိုတင်သွင်းခဲ့သော်လည်း ဟင်နရီဒူးနန့်ဆု ရွေးချယ်ပေးအပ်ခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူ အမြဲတမ်းကော်မရှင်က ရွေးချယ်ပေးအပ်နိုင်ခြင်း မရှိ၍ ဝမ်းနည်းပါကြောင်း မေ ၈ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အကြောင်းပြန်ခဲ့ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

# အခြေခံရှေးဦးသူနာပြုစုခြင်းနှင့် ကင်းထောက်လူငယ်ဖွဲ့စည်းရေး သင်တန်းများဖွင့်

**မူဆယ် မေ ၁၄**

မူဆယ်မြို့နယ် ကြက်ခြေနီအသင်း တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ အသင်းဥက္ကဋ္ဌဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးကြိုင်တို့ဦးစီး၍ မေ ၁၁ ရက် နံနက် ၈ နာရီက မူဆယ်မြို့ ဟိုမွန်ရပ်ကွက် အထက(၂) စံပယ်ခန်းမတွင် "အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းနှင့် ကင်းထောက်လူငယ်ဖွဲ့စည်းရေး" သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းက ကြက်ခြေနီသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားခြင်း၊ မူးယစ်တပ်ဖွဲ့စု(၂၂) ရဲမှူးတီခေါင်လွမ်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းပြောကြားခြင်း၊ ကညနဦးစီးမှူးက ယာဉ်နှင့်လမ်းစည်းကမ်းဆိုင်ရာများရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ဥပဒေဆိုင်ရာ အသိပညာပေးခြင်းများပြုလုပ်ခဲ့ကြသည်။

သင်တန်းကာလမှာ မေ ၁၁ ရက်မှ ၁၇ ရက်အထိဖြစ်ပြီး အခြေခံစစ်ရေးပြ၊ ရှေးဦးသူနာပြုစုခြင်း၊ ကင်းထောက်လူငယ်ဖွဲ့စည်းခြင်းနှင့် ကင်းထောက်လူငယ် လုပ်ငန်းစဉ်သင်ခန်းစာများကို ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# နတ်တလင်းမြို့လမ်းဆုံနေရာတွင် မီးပွိုင့်ထားရှိရန်လိုအပ်နေ

**နတ်တလင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ရန်ကုန်-ပြည်အဝေးပြေးကားလမ်းမကြီးနှင့် တာပွန်-ဒမငယ်သွားသော လမ်းဆုံနေရာတွင် မီးပွိုင့်ထားရှိရန်လိုအပ်နေကြောင်း သိရသည်။



"ကျွန်တော်တို့မြို့ရဲ့ သံဖြူရုံနေရာမှာ ကားဂိတ်လေးဂိတ်ရှိတယ်။ လမ်းကလည်း လမ်းဆုံလမ်းခွ လမ်းလေးလမ်း ဆုံတဲ့နေရာလည်း ဖြစ်နေပါတယ်။ ရန်ကုန်-ပြည်လမ်းရှိသလို အနောက်ဘက် တာပွန်၊ အရှေ့ဘက် ဒမငယ်သွားရာ လမ်းလည်းဖြစ်နေတယ်။ ကား၊ ထော်လာဂျီ၊သုံးဘီးဆိုင်ကယ်နဲ့ ဆိုင်ကယ်၊ စက်ဘီး အပြင် ခြေကျင်သွားတဲ့သူတွေအရမ်းရှုပ်ပါတယ်။ အဲဒီနေရာမှာယာဉ်ထိန်းရဲတော့ ထားပါတယ်။ ဒါပေမယ့် မီးပွိုင့်ထားရှိပေးမယ်ဆိုရင် ပိုမိုအဆင်ပြေပြီး ယာဉ်အသီးသီးနဲ့ပဲ သွားသွား၊ ခြေကျင်ပဲသွားသွား ယာဉ်စည်းကမ်း လမ်းစည်းကမ်း ညီညွတ်ပြီး ခရီးသွားပြည်သူတွေ စိတ်ချမ်းသာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် လမ်းဆုံနေရာမှာ မီးပွိုင့်ထားရှိပေးရင် အကောင်းဆုံးပါ" ဟု မြို့ခံတစ်ဦးကပြောသည်။

**(ဝ၇၁)**



# ပူပြင်းသည့်ရာသီတွင် ဆိပ်ကမ်းလုပ်သားများ ဂရုပြုနေထိုင်သင့်

**မန္တလေး မေ ၁၄**

ရာသီဥတုသည် တစ်နေ့ထက်တစ်နေ့ ပူပြင်းလာမှုနှင့်အတူ ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံးမှုတို့ဖြစ်သော ကာလပင်ဖြစ်သည်။ ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်ရန်အတွက်ဓာတ်ဆားရည်သောက်ကာ ချွေးထွက်မလွန်စေရန် ဂရုပြုနေထိုင်ရမည်ဟု ဆိုထားသည်။

အပူရှိန်ပြင်းပါက အပြင်ထွက်သည့်အခါ အပူဒဏ်ကာကွယ်သည့် အဝတ်များ ဝတ်ဆင်ရမည်ဖြစ်သည်။ ကျန်းမာရေးနှင့် ညီညွတ်စေရန် အသင့်ထုပ်ပိုးပြီး အချိုရည်များ သောက်သုံးခြင်းထက် သဘာဝ သစ်သီးဖျော်ရည်များကို သောက်သုံးခြင်းက ပိုမိုကောင်းမွန်လှသည်။ အပူအစပ်များ လွန်ကဲစွာစားသုံးခြင်း၊ ရေခဲရေ လွန်ကဲစွာသောက်ခြင်း၊ ပူပြင်းသော နေ့လယ်ပိုင်းတွင် ရေချိုးခြင်းများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

အထူးသဖြင့် သွေးတိုးရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများ ကျန်းမာရေးအတွက် အထူးသတိထားရန် ကာလပင်ဖြစ်သည်။ တိုင်းရင်းဆေးပညာအရ အပူမလျှပ်စေရန် ရေမချိုးခင် ရေသောက်ပြီးမှ ချိုးခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။ အပူလျှပ်ပါက ဥသျှစ်သီးခွံကိုသွေး၍ ထန်းလျက်ပြုတ်ရေပူပူဖြင့် တစ်နေ့သုံးကြိမ် သောက်ရမည်ဟု တိုင်းရင်းဆေးပညာရှင်တို့က ဆိုထားသည်။

အပူလျှပ်ခြင်းဖြစ်စဉ်ကို ပြောပါက လူ့ဦးနှောက်တွင်ရှိသော ဟိုက်ပိုသဲမက်က ထိန်းချုပ်ထားသည်။ အပူညှိပေးသော ယန္တရားများ ပျက်စီးခြင်းကြောင့် ဖြစ်လာသောအခြေအနေဖြစ်သည်။ လူနာ၏ အရေပြားမှာ ခြောက်သွေ့၍ ပူလာပြီး ကိုယ်အပူချိန်ကလည်း မြင့်တက်လာသဖြင့် တက်သွားနိုင်သည်။ သို့မဟုတ် မေ့မြောသွားနိုင်သည်။ ထို့ထက်ဆိုးပါက အသက်အန္တရာယ်ပါစိုးရိမ်ရကြောင်း သိရသည်။

ယခုအခါ မန္တလေးမြို့ ဆိပ်ကမ်းလုပ်သားများမှာ သဘာဝနှင့် မကိုက်ညီသော အပူသက်သာနည်းများကို ပြုလုပ်နေသည်။ ကုန်ပစ္စည်းထမ်းပိုးကာ ချွေးအလွန်အကျွံထွက်နေစဉ် ရေထဲသို့ဆင်းကာ ရေခဏခဏ ချိုးပြီး ရေစိုအင်္ကျီများဖြင့် ထပ်မံထမ်းကာ ချွေးထွက်လာပါက ထပ်မံရေချိုးခြင်းများ ပြုလုပ်လေ့ရှိကြသည်။ အချိန်ကြာလာပါက ကျန်းမာရေးထိခိုက်လာနိုင်သဖြင့် ဂရုပြုသင့်ကြောင်း တိုင်းရင်းဆေးဆရာတစ်ဦးက ပြောသည်။ **(တိမ်တမန်)**

# စပိန်လာလီဂါ ရင်ခုန်သံ (၃၇)

ရှိုင်းမင်းမင်း

vmv*¦(36)rm bmpvemEiy&&y;&;, vuAvep,meoa&uw,/ '¦aluniEpyomueawmw tajc taerm bmpvem[m&;, vxuav;rw omom;wmaluni 'yp0(37)rmomEiy&c&icey,jzpzaocmom;rjzpw twu bmpvemcey,jzp rjzpu apmilun&awmr,/

| ဗီလာရီးယဲလ် VS မာလာဂါ |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဗီလာရီးယဲလ်ကနောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်(၃၆)မှာအဲလ်ချီကိုအနိုင်ရရှိခဲ့မှုနဲ့အတူ အဆင့်ခုနစ်နေရာက အက်စ်ပန်ညိုထက် ရှစ်မှတ်အသာရသွားတာကြောင့် နှစ်ပွဲကျန်အနေအထားမှာ ဥရောပဝင်ခွင့်သေချာသွားခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ခြေကုန်ထုတ်ဖို့မသေချာပေမယ့် မာလာဂါခြေလည်းအားနည်းတဲ့အတွက် ဗီလာရီးယဲလ်ထပ်နိုင်သွားမှာပါ။

| အဲလ်ချီ VS ဘီဘာအို |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

အဲလ်ချီက နောက်ဆုံးပွဲစဉ်မှာ ဗီလာရီးယဲလ်ကိုရှုံးနိမ့်ခဲ့ရပေမယ့် နှစ်ပွဲကျန်အနေအထားမှာအဆင့် (၁၈)က ဒီပို့တီဗိုထက် ကိုးမှတ်တိတိအသာရသွားလို့တန်းမဆင်းရဖို့ သေချာသွားခဲ့ပါပြီ။ ဒါကြောင့် ခြေကုန်ထုတ်ဖို့ခက်သလို ကစားပုံကောင်းမွန်တဲ့ ဘီဘာအိုကို အနိုင်ရဖို့ခက်ပါတယ်။ ဘီဘာအိုပဲနိုင်ပွဲရသွားမှာပါ။

| ဒီပို့တီဗို VS လီဗန်တေး |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဒီပို့တီဗိုဟာ နောက်ဆုံးပွဲစဉ်မှာ ဘီဘာအိုကို သရေသာကစားနိုင်ခဲ့ပေမယ့် အဆင့်(၁၅)က လီဗန်တေးထက် ငါးမှတ်သာလျော့လို့ ဒီပွဲအနိုင်ရခဲ့ရင် တန်းမဆင်းရဖို့မျှော်လင့်နိုင်မှာပါ။ ဒါပေမယ့် အက်သလက်တီကိုကိုတောင် သရေကစားခဲ့တဲ့ လီဗန်တေးရဲ့ရှုန်းအားကို အသာရဖို့တော့ခက်ပြီး အမြင့်ဆုံးသရေလောက်ပဲရမှာပါ။

| အက်သလက် VS ဘာစီလိုနာ |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဘာစီလိုနာဟာ ဒီပွဲမတိုင်ခင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် ဒီပွဲနိုင်တာနဲ့ ချန်ပီယံဖြစ်မှာဖြစ်လို့ခြေကုန်ထုတ်မှာပါ။ အက်သလက်တီကိုက အိမ်ကွင်းဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ အနည်းငယ်ခက်ခဲနိုင်ပေမယ့် ဘာစီလိုနာပဲ နိုင်ပွဲရသွားမှာပါ။

| ဆိုစီဒက် VS ဂရန်နာဒါ |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဆိုစီဒက်က တန်းဆင်းရတော့မယ့် အန္တရာယ်မရှိတော့သလို ဥရောပဝင်ခွင့်ရဖို့လည်း မျှော်လင့်နိုင်တဲ့အခြေအနေ မရှိပါဘူး။ ဂရန်နာဒါကတော့ ဒီပွဲအနိုင်ရခဲ့ရင် တန်းမဆင်းရဖို့ မျှော်လင့်နိုင်ဦးမှာ ဖြစ်တဲ့အတွက် ခြေကုန်ထုတ်ကစားလာပါလိမ့်မယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဆိုစီဒက်တို့ သရေလောက်ပဲရမယ်။

| ကော်ဒိုဘာ VS ဗယ်လီကာနို |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ကော်ဒိုဘာက တန်းဆင်းရဖို့သေချာသွားပါပြီ။ ဒါပေမယ့် သိက္ခာအရတော့ အားစိုက်ကစားပါလိမ့်ဦးမယ်။ ဗယ်လီကာနိုကလည်း လက်ရှိအချိန်မှာ တန်းမဆင်းရဖို့သေချာသွားတဲ့အပြင် ဥရောပဝင်ခွင့်ရရှိဖို့လည်း မမျှော်လင့်နိုင်တော့တာကြောင့် ခြေကုန်ထုတ်ကစားလာဖို့ခက်ပါတယ်။ကော်ဒိုဘာ အနိမ့်ဆုံးသရေရမှာပါ။

| ဂီတာဖေး VS အီဘား |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဂီတာဖေးက လက်ရှိခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေပါတယ်။ အီဘားကတော့ လက်ရှိအချိန်မှာ တန်းဆင်းဇုန်ထဲက ဒီပို့တီဗို ဂရန်နာဒါတို့နဲ့ အမှတ်တူနေတာကြောင့် တန်းမဆင်းရဖို့ အာမခံချက်မရှိသေးပါဘူး။ ဒါကြောင့် အီဘားတို့ ခြေကုန်ထုတ်ကစားလာရင် ဂီတာဖေး ရှုန်းကန်ရနိုင်ကာ နိုင်ပွဲရခဲ့မယ်ဆိုရင် ပြတ်သားဖို့ခက်တယ်။

| အက်စ်ပန်ညို VS ရီးယဲလ် |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ရီးယဲလ်က ချန်ပီယံရဖို့အတော်လေးခက်ခဲသွားပြီဆိုပေမယ့် ဘာစီလိုနာခြေချော်ခဲ့ရင်အခွင့်ကောင်းယူနိုင်အောင် အားစိုက်ကစားဦးမှာပါ။ ဒါပေမယ့် ရီးယဲလ်ဟာ ချန်ပီယံလိဂ်ဆီမီးပွဲစဉ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို အက်စ်ပန်ညိုကလည်း အိမ်ကွင်းခြေမဆိုးပါဘူး။ ဒါကြောင့် ရီးယဲလ် အနိုင်က ပြတ်သားဖို့ခက်တယ်။

| ဗလန်စီယာ VS ဆယ်တာဗီဂို |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဗလန်စီယာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ မသေချာသေးသလို ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့အတွက်ပါ မျှော်လင့်နေတာကြောင့် အမှားခံမှာမဟုတ်ဘူး။ အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဗလန်စီယာကတော့ ထွေထွေထူးထူးမျှော်လင့်စရာမရှိတော့တဲ့အသင်းပါ။ ခြေစွမ်းပိုင်းကလည်း ကောင်းနေတယ်။ ဗလန်စီယာပဲနိုင်မှာပါ။

| ဆီဗီးလ် VS အယ်မာရီးယား |
|---|
| ည ၁၁း၃၀(၁၇-၅-၁၅) |

ဆီဗီးလ်က ယူရိုပါလိဂ်ဆီမီးပွဲစဉ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမျှော်လင့်နိုင်တဲ့ လက်ရှိအခြေအနေမှာ အမှားခံမှာတော့မဟုတ်ပါဘူး။ အယ်မာရီးယားကလည်း တန်းမဆင်းရဖို့အတွက် ခြေကုန်ထုတ်လာမှာ ဖြစ်တာကြောင့် ဆီဗီးလ်တို့ အခက်တွေ့နိုင်ပြီး ကပ်ပြီးအနိုင်ရနိုင်ခြေရှိပါတယ်။

# ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ ဂျူဗင်တပ်နှင့် ဘာစီလိုနာ ထိပ်တိုက်တွေ့ကြပြီ




**အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် ရီးယဲလ်မက်ဒရစ်အသင်းအား နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ရာ ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းအား ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။**

ဂျူဗင်တပ်အသင်းသည် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်လှမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါဗိုလ်လုပွဲတွင် အင်တာမီလန်အား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ချန်ပီယံလိဂ်ဖလားချန်ပီယံအဖြစ်မှ လွဲခဲ့ရသည်။

ဂျူဗင်တပ်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းအား ပထမအကျော့ တူရင်မြို့တွင် ကစားခဲ့စဉ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့ပြီး ယခုဒုတိယအကျော့ ဘာနေဗျူးကွင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိတွင် အီတလီစီးရီးအေဖလားကိုလည်း ရယူဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာမူ လာလီဂါအမှတ်ပေးဇယားတွင် ဘာစီလိုနာ၏နောက် လေးမှတ်အကွာဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေခြင်းကြောင့် လာလီဂါဖလားရဖို့မျှော်လင့်ချက်မရှိတော့သလို ယခု ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ဖလားကိုပါ ထပ်မံလက်လွှတ်လိုက်ရပြီဖြစ်၍ ယခုနှစ် ဘောလုံးရာသီတွင်မူ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဖလားလက်မဲ့ရာသီကို ဖြတ်သန်းရတော့မည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းမှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး ၁၉၈၄-၈၅ ဘောလုံးရာသီနှင့် ၁၉၉၅-၉၆ ဘောလုံးရာသီတို့တွင် ဆွတ်ခူးထားနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ချန်ပီယံလိဂ်ဖလားရယူပြီးချိန်ကတည်းက ဂျူဗင်တပ်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားခဲ့ခြင်းမရှိခဲ့ပေ။

လက်ရှိတွင် ကားလို့တီဗက်ဇ်၊ မော်ရက်တာ၊ လော်ရန်တီ၊ ပီယာလို၊ ပေါ့ဘာ စသည့်ကစားသမားများ၏ စွမ်းဆောင်ရည်နှင့်အတူ အီတလီစီးရီးအေဖလားကို ရာသီမကုန်မီ ဆွတ်ခူးထားနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဥရောပ၏ အင်အားအတောင့်တင်းဆုံးဟု ကင်ပွန်းတပ်ခြင်းခံထားရသည့် ရီးယဲလ်မက်ဒရစ်အသင်းကိုပင် အနိုင်ယူကာ ဘာလင်မြို့တွင် ကျင်းပမည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဂျူဗင်တပ်အသင်းမှ တီဗက်ဇ်သည် ချန်ပီယံလိဂ်ဂိုးသွင်းအများဆုံးကစားသမားဖြစ်ပြီး ခုနစ်ဂိုးသွင်းယူထားသည်။

ထို့ကြောင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို အနိုင်ကစားကာ ချန်ပီယံလိဂ်ဖလားသုံးကြိမ်မြောက်ဆွတ်ခူးသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည်လည်း ဂျာမန်ဘွန်ဒက်လီဂါ၏ ထိပ်တန်းအသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းကို ဆီမီးဖိုင်နယ်အဆင့်တွင် နှစ်ကျော့ပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ခြင်းအပါအဝင် ချန်ပီယံလိဂ်သမိုင်းကြောင်းမှာလည်း ရလဒ်ကောင်းများထွက်ပေါ်ခဲ့သည့်အသင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၁၉၉၁-၉၂၊ ၂၀၀၅-၀၆၊ ၂၀၀၈-၀၉ နှင့် ၂၀၁၀-၁၁ ဘောလုံးရာသီတို့တွင် ချန်ပီယံလိဂ်ဖလားကို လေးကြိမ်အထိဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်ပြီး လက်ရှိတွင်လည်း မက်ဆီ၊ နေမာ၊ ဆွာရတ်ဇ်၊ ဆန်ဒရိုရာမီရက်ဇ်၊ ရာကီတစ် စသည့် ကစားသမားများ၏ စွမ်းဆောင်ရည်နှင့်အတူ လာလီဂါဖလားချန်ပီယံဖြစ်ဖို့ အလွန်နီးစပ်နေသည့်အသင်း ဖြစ်သည်။

မက်ဆီသည် ယခုနှစ်ချန်ပီယံလိဂ်တွင် သွင်းဂိုး ၁၀ ဂိုးသွင်းယူပေးထားပြီး နေမာသည် ကိုးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ခြင်းကြောင့် အဆိုပါ ကစားသမားနှစ်ဦးအနက် ဗိုလ်လုပွဲတွင် သွင်းဂိုးများထပ်မံသွင်းယူကာ ချန်ပီယံလိဂ်ဂိုးသွင်းအများဆုံးဆုကို ဆွတ်ခူးသွားနိုင်မည့်ကစားသမားသည် မည်သည့်ကစားသမားဖြစ်လာမည်လဲဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေသည့်အပြင် ဘာစီလိုနာအသင်းအနေဖြင့် ဗိုလ်လုပွဲတွင် ဂျူဗင်တပ်အသင်းကို အနိုင်ကစားကာ ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးသွားနိုင်မည်လားဆိုတာလည်း စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဇွန် ၆ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ဂျူဗင်တပ်၏ ချန်ပီယံလိဂ်နောက်ဆုံးငါးကြိမ်ဖြတ်သန်းမှု**

| ရာသီ | အဆင့် | ကစားသည့်ပွဲ | နိုင် | သရေ | ရှုံး |
|---|---|---|---|---|---|
| ၂၀၁၃-၁၄ | အုပ်စုအဆင့် | ၆ | ၁ | ၃ | ၂ |
| ၂၀၁၂-၁၃ | ကွာတားဖိုင်နယ် | ၁၀ | ၅ | ၃ | ၂ |
| ၂၀၀၉-၁၀ | အုပ်စုအဆင့် | ၆ | ၂ | ၂ | ၂ |
| ၂၀၀၈-၀၉ | (၁၆)သင်းအဆင့် | ၁၀ | ၄ | ၅ | ၁ |
| ၂၀၀၅-၀၆ | ကွာတားဖိုင်နယ် | ၁၀ | ၆ | ၁ | ၃ |

**ဘာစီလိုနာ၏ ချန်ပီယံလိဂ်နောက်ဆုံးငါးကြိမ်ဖြတ်သန်းမှု**

| ရာသီ | အဆင့် | ကစားသည့်ပွဲ | နိုင် | သရေ | ရှုံး |
|---|---|---|---|---|---|
| ၂၀၁၃-၁၄ | ကွာတားဖိုင်နယ် | ၁၀ | ၆ | ၂ | ၂ |
| ၂၀၁၂-၁၃ | ဆီမီးဖိုင်နယ် | ၁၂ | ၅ | ၃ | ၄ |
| ၂၀၁၁-၁၂ | ဆီမီးဖိုင်နယ် | ၁၂ | ၈ | ၃ | ၁ |
| ၂၀၁၀-၁၁ | ဖလားဆွတ်ခူး | ၁၃ | ၉ | ၃ | ၁ |
| ၂၀၀၉-၁၀ | ဆီမီးဖိုင်နယ် | ၁၂ | ၆ | ၄ | ၂ |

# တရားမဝင်သစ်စက်နှင့် ကျွန်းသစ်များသိမ်းဆည်းရမိ

**တောင်တွင်းကြီး မေ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆက်သွားနယ်မြေရဲစခန်းမှ ဒုရဲအုပ်အေးမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့် သစ်တောဝန်ထမ်းများသည် မေ ၁၃ ရက် နံနက် ၆ နာရီက ရိုးမပတ်လမ်းမှမောင်းနှင်လာသည့် HFE ---- ယာဉ်အား ရပ်တန့်ရှာဖွေရာ တရားမဝင်ကျွန်းခားရွှေဆိုဒ်စုံ ခုနစ်လုံး(သုည ဒသမ၇၄၂၂တန်)အား ယာဉ်ပိုင်ရှင် ရဲနိုင်(၄၀)နှစ် နတ်မောက်မြို့နေသူနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ချောင်းနက်အုပ်စု ရွာသစ်ကျေးရွာ တောင်ဘက်ရှိ တရားမဝင်သစ်ခွဲစက်အား ဝင်ရောက်ရှာဖွေရာ ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၁၁ ချောင်း(သုည ဒသမ ၂၇၃၄တန်)၊ ရှားသစ်တစ်လုံး(သုည ဒသမ ၀၆၇၄တန်)၊ သုံးပေလွှဝိုင်းတစ်ဝိုင်း၊ ရှပ်တန်းတစ်ချောင်း၊ ပူလီဘီးတစ်လုံး၊ ပတ်တားကြိုးတစ်ချောင်း၊ တလိမ့်တုံးနှစ်လုံး၊ ANGHUAI အမျိုးအစားစက်တစ်လုံးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ချစ်စိုးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်းစောဘသိန်းနှင့် ဝန်ထမ်းများသည် မေ ၁၃ ရက် နံနက် ၂ နာရီခွဲက အုန်းတော(၁)ရပ်ကွက် ဗိမာန်လမ်း၌ ရပ်ထားသော ၄ ဟ/---- သုံးဘီးယာဉ်အား စစ်ဆေးရာ တရားမဝင်ကျွန်းခားရွှေဆိုဒ်စုံ ခုနစ်လုံး(သုည ဒသမ၃၆၉၀တန်)အား ယာဉ်ပိုင်ရှင် ကျော်လွင်ဦး ချောင်းနက်အရှေ့ကျေးရွာနေသူနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်သက်နိုင်နှင့် တပ်ဖွဲ့ဝင်နှင့် တောခေါင်းစောဘသိန်းပါ သစ်တောဝန်ထမ်းများသည် မေ ၁၃ ရက် နံနက် ၃ နာရီခွဲက ရွှေလမင်းရုပ်ရှင်ရုံလမ်း၌ တရားမဝင်ကျွန်းခား ရွှေဆိုဒ်စုံ သုံးလုံး(သုည ဒသမ ၀၄၈၂တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဥပဒေနှင့်အညီ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(နိုင်ဝင်း)**

## မိုးလေဝသအခြေအနေ

**မေ ၁၅ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၄၀°C | ၂၇°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၉°C | ၂၆°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၉°C | ၂၆°C |
| ပဲခူးတိုင်းဒေသကြီး | ၄၀°C | ၂၇°C |
| ချင်းပြည်နယ် | ၃၀°C | ၁၉°C |

**မေ ၁၅ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၇း၂၉ နာရီ | ၅. ၁၂ပေ |
| ရေတက် | မွန်းလွဲ | ၁း၁၉ နာရီ | ၁၉. ၄၂ ပေ |
| ရေကျ | ည | ၈း၀၆ နာရီ | ၄. ၄၆ ပေ |
| ရေတက် | ည | ၁၂း၅၀ နာရီ | ၁၇. ၇၅ ပေ |

**မေ ၁၅ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၄ နာရီ |
| နေဝင် | ညနေ | ၆း၂၇ နာရီ |

# လှည့်ကင်းဆောင်ရွက်နေသည့်ရဲတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပစ်ပေါက်သူ သုံးဦးအား အရေးယူ

**မန္တလေး မေ ၁၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြို့မအမှတ်(၅)ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၀ ရက် နံနက် ၁ နာရီ မိနစ် ၅၀ က လှည့်ကင်းဆောင်ရွက်နေစဉ် လူငယ်သုံးဦးက နောက်မှလိုက်၍ ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ထိန်းရဲတပ်ကြပ်ကြီး စံထွန်းလင်း၊ ရဲတပ်သား အောင်ကိုကိုထွန်း၊ ရဲတပ်သား ဝေယံစိုးနှင့် မေယပီရီရပ်ကွက် အုပ်ချုပ်ရေးမှူးတို့သည် ယင်းနေ့ညက လှည့်ကင်းဆောင်ရွက်စဉ် (၂၆)လမ်းနှင့် လမ်း(၈၀) ယာဉ်ထိန်းရဲကင်းအနီးမှ လူငယ်သုံးဦးသည် လမ်းလယ်ကျွန်းဘက် ထွက်လာပြီး ရဲတပ်ကြပ်စံထွန်းလင်း၊ ရဲတပ်သား ဝေယံစိုးတို့၏ ဆိုင်ကယ်နောက်သို့လိုက်၍ ခဲဖြင့်ပစ်ပေါက်ရာ ရဲတပ်သား ဝေယံစိုး၏ ယာဘက်ချိုစောင်းထိမှန်ကာ တစ်လက်မခန့်ပေါက်ပြဲ ဒဏ်ရာရရှိခဲ့သဖြင့် ခဲဖြင့်ပေါက်သူများအား ဝိုင်းဝန်းဖမ်းဆီးရာ အောင်အောင်(ခ)အောင်လှိုင်ဝင်း(၂၄)နှစ် လျှပ်စစ်လုပ်သား ရွှေမင်းသားအဆောင် မဟာအောင်မြေမြို့နယ်နေသူအား ဖမ်းဆီးရမိပြီး စုတ်ဖွား(ခ)ဥက္ကာဟိန်း(၂၁)နှစ် (လိပ်စာတူ)နှင့် ဇင်မင်းဦး(၂၁)နှစ် ပန်းချစ်သူအဆောင်နေသူတို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇင်မင်းဦးကို မေ ၁၁ ရက်နှင့် စုတ်ဖွား(ခ)ဥက္ကာဟိန်းကို မေ ၁၂ ရက်တို့တွင် ဖမ်းဆီးရမိခဲ့သည်။

တာဝန်ထမ်းဆောင်နေသောရဲတပ်ဖွဲ့ဝင်များအား ဒဏ်ရာရရှိအောင်ပြုလုပ်သူများအား အောင်မြေသာစံ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွဏ်းလှအောင်(မန္တလေး)**



# မြို့ပတ်ရထားနှင့် ကွန်တိန်နာတင်ယာဉ်တို့ ပွတ်တိုက်မိပြီး လမ်းပိတ်ဆို့မှုဖြစ်ပေါ်

**ရန်ကုန် မေ ၁၄**

ဗိုလ်တထောင်ဘုရားဘူတာမှတ်တိုင်အနီး ဗိုလ်တထောင်ကွန်တိန်နာဆိပ်ကမ်းသို့ အဝင်လမ်းအကွေ့တွင် မေ ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ကွန်တိန်နာ တင်ယာဉ်နှင့် ပုဇွန်တောင်ဘက်မှ ပန်းဆိုးတန်းသို့ ခုတ်မောင်းလာသည့် ကမ်းနားမြို့ပတ်ရထားတို့ ပွတ်တိုက်မိခဲ့သဖြင့် ကွန်တိန်နာယာဉ်များ ၁၀ နာရီ ၄၅ မိနစ်အထိ နာရီဝက်ခန့် လမ်းပိတ်ဆို့ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သောအောက် ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ (ကျပ်) ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) 315 KVA, 11/0.4 KV Transformer & Two Pole Structure တည်ဆောက်ခြင်းလုပ်ငန်း 6 Lot
(ပဲခူး၊ ညောင်လေးပင်၊ ဘိုကလေး၊ လပွတ္တာ၊ မုံရွာ၊ စစ်တွေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၄-၅-၂၀၁၅) ရက်မှ (၁၃-၆-၂၀၁၅) ရက်နေ့ထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၅-၆-၂၀၁၅) ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်ပေးပို့ လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

# ညီအစ်ကိုနှစ်ဦး ရန်ဖြစ်ရာမှ သားအဖနှစ်ဦးသေဆုံး

**လင်းခေး မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့တွင် မေ ၁၁ ရက် ည ၁၀ နာရီက ညီအစ်ကိုနှစ်ဦး စကားများရန်ဖြစ်ရာမှ သားအဖနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လင်းခေးမြို့ ဝမ်လွိုင်ရပ်ကွက်နေထိုင်သူ စိုင်းလံ(၄၂)နှစ်သည် မေ ၁၁ ရက် ည ၁၀ နာရီတွင် ၎င်း၏ညီစိုင်းခမ်းပန်နှင့် စကားများ ရန်ဖြစ်ရာမှ စိုင်းလံက ဓားဦးချွန်ဖြင့် လည်ပင်းနှင့် ဝဲဘက်လက်ပြင်တို့အားထိုးပြီး အိပ်ပျော်နေသည့် ဖခင်ဖြစ်သူ လုံးကောတ(၆၅)နှစ်အား လည်ပင်းနှင့် ဦးခေါင်းတို့ကို ဆက်လက်ထိုးခဲ့ရာ စိုင်းခမ်းပန်နှင့် ဖခင်လုံးကောတတို့သည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း မေ ၁၂ ရက်က အိမ်နီးချင်းများက လာရောက်သတင်းပေးသဖြင့် စိုင်းလံ(စိုင်းလျှံ)အား နေအိမ်၌ပင် ဖမ်းဆီးခဲ့ပြီး ဆက်လက်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

**ဆောင်းနှင်းလတ်(ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်လက်ရှိ အသံလွှင့် စက်ပစ္စည်းများကို ပြောင်းရွှေ့တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပိုင် ရေကူးထပ်ဆင့်လွှင့်စက်ရုံဝင်းနေရာသည် လူနေထူထပ်သည့် နေရာသို့ရောက်ရှိလာပြီး Radio Frequency Radiation ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းနှင့် မြို့ပြအဆောက်အအုံများကြောင့် အသံထုတ်လွှင့်မှုပိုင်းဆိုင်ရာ အနှောင့်အယှက်များဖြစ်ပေါ်စေခြင်းစသည်တို့ကြောင့် လက်ရှိတည်ဆောက်ထားသည့် စက်ရုံ၊ စက်ပစ္စည်းနှင့်ဝန်ထမ်းအိမ်ရာများကို ထပ်ဆင့်လွှင့်စက်ရုံများအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေကူးစက်ရုံဝင်းအတွင်း မီဒီယာဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ခွင့်ရမည်ဖြစ်ရာ ဆောင်ရွက်လိုသော ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) တည်နေရာ။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းမြေနေရာ
(ခ) မြေဧရိယာ။ လက်ရှိ Studio များ၏ မြေနေရာချန်လှပ်ပြီး ကျန်မြေဧက(၈၀)ကျော်

၂။ တင်ဒါပုံစံများကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့ တွင် ငွေကျပ် (၁၀၀၀၀၀၀/-)(ကျပ်ဆယ်သိန်းတိတိဖြင့်) (၁၈-၅-၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာကို(၁၉-၆-၂၀၁၅) ရက်နေ့ (၁၄း၀၀)နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆောင်ရွက်လိုသည့် အသေးစိတ်စီမံချက်နှင့် အတူတင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ ဖုန်းနံပါတ် (၀၆၇-၇၉၄၅၆၊ ၀၆၇-၇၉၄၇၄၊ ၀၆၇-၇၉၄၄၃) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ e-mail လိပ်စာ management.mrtv.npt@gmail.com သို့လည်းစုံစမ်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ**
**ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**

# ဗန်းမောက်တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ဗန်းမောက် မေ ၁၄**

ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် သုံးစွဲသူများကို ရှာဖွေဖမ်းဆီးလျက်ရှိရာ မေ ၄ ရက်မှ ၁၃ ရက်အထိ မူးယစ်ဆေးဝါး အမှုပေါင်း သုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၄ ရက်က ပင်ပုံရဲကင်းမှူး ဒုရဲအုပ် ကျော်အောင်၊ ကသာခရိုင် မူးယစ်နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် အောင်မျိုးမြင့်နှင့် အဖွဲ့တို့သည် ပင်းခါးကျေးရွာနေ အေးထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်နှင့် ထည့်လျက် မူးယစ်ဆေးဝါး ဖြူ/ဝါ အမှုန့် အလေးချိန် ၂ ဒသမ ၇ ဂရမ် တွေ့ရှိသဖြင့် အေးထွန်း(၂၉)နှစ် ပင်းခါးရွာ၊ ဦးလေးမောင်(၅၅)နှစ်၊ အောင်စက်(၂၀)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

မေ ၆ ရက်က ဗန်းမောက်မြို့မရဲစခန်းမှ ဒုစခန်းမှူး ကျော်စိုးမိုးနှင့် ပူးပေါင်းအဖွဲ့သည် ဗန်းမောက်မြို့နယ် လိပ်စောမင်းကုန်းအုပ်စု မင်းကုန်းကျေးရွာနေ ခင်မောင်ထူး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ အိမ်ရှင် ခင်မောင်ထူး(ခ)မောင်ထူး (၃၅)နှစ်နှင့် ဆည်ကြီးရွာနေ ဆန်းဦး(၂၉)နှစ် တို့နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့နှစ်ဦးအနီး ခုတင်ပေါ်ရှိအစိမ်းရောင် လွယ်အိတ်အတွင်းမှ ဆေးလိပ်ဘူးခွံအတွင်း ထည့်လျက် ဘိန်းဖြူမှုန့် သုည ဒသမ ၁ ဂရမ်ခန့်ပါ တစ်ထုပ်၊ 3CC ဆေးထိုးအပ်တပ်လျက် သုံးချောင်းတို့ကို ရှာဖွေသိမ်းဆည်းခဲ့သည်။

အလားတူ မေ ၁၃ ရက်က ရွှေတော်ရဲကင်းမှူး ဒုရဲအုပ်အာကာမင်းမင်းနှင့် ပူးပေါင်းအဖွဲ့သည် အရှေ့ကုန်းကျေးရွာနေ ဦးမြင့်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းမည်း ၆၅ ကျပ်သားအား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

wez;&v vi, b0
r;, pui;pi ue;rmr



# မယ်ဥတောင်ထိပ်မှစေတီများသို့ ဖူးမြော်နိုင်ရန် တောင်တက်မြေသားလမ်းကို ချဲ့ထွင်ပြုပြင်

**မန္တလေး မေ ၁၄**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မယ်ဥတောင်ပေါ်သို့ ဘုရားဖူးများ သွားရောက်ဖူးမြော်ရာတွင် မော်တော်ကား၊ ဆိုင်ကယ်များဖြင့် တောင်ထိပ်အထိ တက်နိုင်ရန် မြေသားလမ်းကို ချဲ့တွင်ပြုပြင်ထားကြောင်း သိရသည်။

မယ်ဥတောင်ပေါ်သို့ဘုရားဖူးများ အလွယ်တကူ သွားရောက်ဘုရားဖူးနိုင်ပြီးတောင် ထိပ်ရှိအခြားစေတီများကိုလည်း ပြုပြင်ကာသာသနာပြုလျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကလုပ်ငန်းကြီး လေးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသောနေရာထဲတွင် မယ်ဥတောင်တော်လည်း ပါဝင်သည်။

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မယ်ဥတောင်ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ စနစ်တကျထိန်းသိမ်းထားသည်။ မယ်ဥတောင် ကြိုးပြင်ကာကွယ်တောအနေဖြင့် ဧရိယာ ၁၆၂၆ ဒသမ ၂၄ ဧက ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မယ်ဥတောင်ကြိုးပြင် ကာကွယ်တောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အိမ်မွေး တိရစ္ဆာန်များစားကျက်ချခြင်း၊ မြေကိုတူးဆွခြင်း၊ ခုတ်ထွင်ခြင်းရှင်းလင်းခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရားများအသုံးပြုခြင်း၊ တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း၊ မီးမွေးခြင်း၊ မီးဖိုခြင်း မီးသယ်ယူခြင်းသို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်းတို့ မပြုလုပ်ရန် သစ်တောဦးစီးဌာနမှ သတိပေးတားမြစ်ကာထိန်းသိမ်းမှုကို ဂရုတစိုက်ပြုလုပ်ထားသည်။

မယ်ဥတောင်ပေါ်တွင် ရသေ့ကြီးဦးခန္တီ ပြုပြင်သာသနာပြုခဲ့သည့်စေတီလည်းရှိပြီး အခြားစေတီငယ်များစွာလည်းရှိကာ ထူးခြားသောနေရာအဖြစ် ချပ်ကြားဟုခေါ်သည့် သရဖီပန်းများစွာ ပေါက်နေသည့်နေရာပင်ဖြစ်သည်။

ယခုအခါ တောင်ပေါ်တွင် ဉာဏ်တော်အတောင်နှစ်ဆယ်ရှိ ဓာတ်ပေါင်းစု ကမ္ဘာလုံးစေတီတော်သစ်တည်ထားကာ စိန်ဖူးတော်ထီးတော်တင်လှူပွဲများပင် ပြုလုပ်ပြီးသွားပြီးဖြစ်သည်။ ဘုရားမတည်ဒါယကာမှာ ဦးသန်းဆွေ-ဒေါ်ဖြူဖြူဝင်းဖြစ်ကြောင်း သိရသည်။ အရံစေတီများကိုလည်း အခြားအလှူရှင်များမှ စုပေါင်းလှူဒါန်းထားသည်။ **တိမ်တမန်**

# သီရိငါးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာဆွေးနွေးပွဲ သင်တန်း ဖွင့်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ဝင်ငွေနှစ်ဆတိုးတက်ရေးတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရရှိရန်နှင့် နည်းပညာပြန့်ပွားရေးတို့အတွက် အရှိန်အဟုန်မြှင့်စီမံချက်ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ကျေးရွာရှေ့တန်းစခန်းရုံး၌ စိုက်ပျိုးရေးဦးစီးဌာန သီရိငါးမြို့နယ်အတွင်းရှိ စိုက်ကွင်းတာဝန်ခံများအား ပြောင်းလဲသောရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲ သင်တန်း Climate Friendly Agriculture (CFA) ကို မေ ၁၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန် ဦးဆောင်သော တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ စိုက်ကွင်းတာဝန်ခံဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁၁ ရက်မှ ၁၅ ရက်ထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ပေါင်းမြက်ပြဿနာဖြေရှင်းနည်းနှင့် ရေစနစ်တကျသုံးစွဲနည်းများကို အသုံးပြု၍ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးနည်းဆိုင်ရာ နည်းပညာသင်တန်းဖြစ်ပြီး ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချကာ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ၊ သစ်ဆွေးမြေဩဇာများ ပြုလုပ်သုံးစွဲနည်းများနှင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ရွေးချယ်ရာတွင် တောင်သူအကြိုက်၊ စားသုံးသူအကြိုက်၊ သိုလှောင်ရောင်းချသူအကြိုက်၊ ရောင်းဝယ်ဖောက်ကားသူများအပါအဝင် စုပေါင်းဆောင်ရွက်၍ (Clean Seeds) များ ရရှိဆောင်ရွက်ရေးနှင့် PGS ခေါ် ပူးပေါင်းဆောင်ရွက် ထောက်ခံချက်စနစ်ဖြင့် သီးနှံစိုက်ပျိုးသူများ မွေးထုတ်ပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဤသင်တန်းကို သင်ကြားပေးကြောင်းဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က ပြောကြားခဲ့သည်။ **ခင်ဇော်(မင်္ဂလာ)**

# မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး အရှိန်အဟုန်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

**ဇီးကုန်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေးဦးစီးဌာန ညောင်ဇင်ကျေးရွာ တောင်သူပညာပေး ရှေ့တန်းစခန်းတွင် ၂၀၁၅-၂၀၁၆ မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး (ပြည်)မှ ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုမှ တောင်သူပေါင်း ၃၀၀ ကျော်တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးများကို တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်စိုက်ပျိုးနိုင်ပြီး စပါးတင်း ၂၀၀ နှင့်အထက် ထွက်ရှိမည့်နည်းပညာ ၁၄ ချက်အား ပြောကြားခဲ့သည်။ သိန်းတိုး(ဇီးကုန်း)



သန်းခေါင်စာရင်းဆိုင်ရာ ရည်ညွှန်းစာရွက်စာတမ်းများ မကြာမီလာတော့မည်

သန်းခေါင်စာရင်းဆိုင်ရာ ရည်ညွှန်းစာရွက်စာတမ်း (Toolkit)များ ပြည်သူများထံ မကြာမီရောက်ရှိ လာတော့မည် ဖြစ်ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့သည် ၂၀၁၅ မေလအတွင်း ထုတ်ပြန်သွားမည့် သန်းခေါင်စာရင်း ရလဒ်များ၏ အရေးပါမှုနှင့်ပတ်သက်ပြီး လူထုအသိုင်းအဝန်းများအကြား စကားဝိုင်းဆွေးနွေးမှုများ ဖြစ်ပေါ်လာ စေရေးအတွက် အဆိုပါ စာရွက်စာတမ်းများကို တစ်နိုင်ငံလုံးသို့ မြန်မာဘာသာ စကားအပြင် အခြားဘာသာစကား (၁၃) မျိုးတို့ဖြင့် ဖြန့်ဝေသွားမည် ဖြစ်ပါသည်။ အဆိုပါ သန်းခေါင်စာရင်းဆိုင်ရာ ရည်ညွှန်းစာရွက်စာတမ်းများတွင် သန်းခေါင်စာရင်း ရလဒ်များဆိုင်ရာ အသိပညာပေး စာစောင် (၇) မျိုး တို့နှင့်အတူ သန်းခေါင်စာရင်း မှတ်တမ်းဒီဗွီဒီ တစ်ချပ် ပါဝင်ပါသည်။ စိတ်ပါဝင်စားသော အဖွဲ့အစည်းများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်အောက်ဖေါ်ပြပါ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အင်တာနက်လိပ်စာတွင် မှတ်ပုံတင်ကာ ရယူနိုင်ကြပါသည်။

Toolkit: သန်းခေါင်စာရင်းရလဒ်များဆိုင်ရာ အသိပညာပေးစာစောင် (၇) မျိုးနှင့် မှတ်တမ်း ဒီဗွီဒီ
http://www.dop.gov.mm နှင့် http://myanmar.unfpa.org/2014/12/19/11162/toolkit/
UNFPA

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အနန္တမေတ္တာဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ရန်ကုန်သစ်၊ မြေကွက်အမှတ်- ၁၀၀၀၊ အကျယ်အဝန်း (၂၀' × ၆၀') ရှိ ဒေါ်သောင်းတင် အမည်ပေါက် (စလစ်) မြေကွက်နှင့် အိမ်အား ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်စိန်ရီ (၁၂/သဃက (နိုင်) ၀၁၃၄၂၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက (၁၀) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ယမင်းလတ်** (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၄)

**ဦးစင်သင်းအောင်** (LL.B, B.D.S) အထက်တန်းရှေ့နေ(စဉ်-၃၀၇၁၁)

ရုံး - တိုက်-၉/၁၁(ပထမထပ်)၊ အခန်း-၁၀၃/H ၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၁၂၁၀ ၊ ၀၉ ၇၃၂၅၆၈၃၆ ၊ ၀၉ ၂၅၀၀၆၄၄၅

ယူကေရှိ Top 15 စာရင်းဝင် တက္ကသိုလ်များအပါအဝင် နာမည်ကြီးတက္ကသိုလ်များတွင် သင်ကြားနိုင်မည့်

"လေကြောင်းအင်ဂျင်နီယာဆေးနှင့် စီးပွားရေးပညာရပ်ဆိုင်ရာများအကြောင်းဟောပြောပွဲ"

- University of Glasgow, University of York တို့ အပါအဝင် နာမည်ကြီးတက္ကသိုလ်များတွင် တက်ရောက်သင်ကြားနိုင်မည့် အခွင့်အလမ်းများ
- Aeronautical, Civil, Mechanical, Electrical, Marine စသည့် အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားနိုင်မည့် အခွင့်အလမ်းများ
- မြန်မာနိုင်ငံတွင် လိုအပ်လာမည့် ဘဏ်လုပ်ငန်းစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် Inter Professional Science Education & Communication စသည့် ဘာသာရပ်များ တက်ရောက်ခွင့်ရရန်ပြင်ဆင်ခြင်း
- ယူကေတက္ကသိုလ်များတွင် ဆေးပညာဆိုင်ရာ မဟာတွဲ လျှောက်ထားနိုင်သည့် အခွင့်အလမ်းများအကြောင်းကို ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။

CROWN EDUCATION Yangon . Myanmar

May 17
10:00 am - 12:00 noon
CROWN Edu: Center

Register Now : 01 527 838 / 09 50 85 185 / 09 4500 56 35
FREE SEMINAR

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၂

**အမည်မှန်ပြောင်းလဲခေါ်ဆိုခြင်း**
မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကမ်းပျိုရွာမှ မအေမိမိကျော်၏ ဖခင် ဦးတင်နိုင်ဝင်းကို ဦးတင်ရင်ဟု ပြောင်းလဲခေါ်ပါရန်။
ဦးတင်ရင် [၈/ပမန(နိုင်)၁၉၅၄၈၆]

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နမ္မတီးမြို့၊ ငွေမောင်းရပ်ကွက်နေ ဦးကျော်တင့် [၉/မမန(နိုင်)၀၃၇၄၁၄]နှင့် ဒေါ်စိန်မေ[၁/မကတ(ပြု)၀၀၀၂၂၈]တို့၏ သမီးဖြစ်သူ မသုံ့ချွေထွန်းနှင့် မသုချွေထွန်းမှာ တစ်ဦးတည်းဖြစ်ပါ။

# ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့၌ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်ဝင်ခွင့်စာမေးပွဲဖြေဆို

**ပင်လုံ မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ဝင်ခွင့်စာမေးပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကျောင်းတွင် သင်တန်းကျောင်းဝင်ခွင့်စာမေးပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ အတွင်းရေးမှူးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးရွှေဝင်းနှင့် ကော်မတီအဖွဲ့ဝင်များနှင့် သင်တန်းကျောင်းဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

ပင်လုံမြို့ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အမျိုးသားကျောင်းသားများသာ လက်ခံပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ အဆောင်နေအမျိုးသမီးကျောင်းသူများပါ လက်ခံပညာသင်ကြားပေးမည် ဖြစ်သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပဥ္စမတန်းမှ ဒသမတန်းအထိ သင်တန်းကျောင်းဝင်ခွင့်စာမေးပွဲသို့ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် တောင်ကြီးခရိုင်များမှ မိဘမဲ့များနှင့် ဆင်းရဲနွမ်းပါးသူများ စုစုပေါင်း ၅၀၃ ဦးဝင်ရောက်ဖြေဆိုခဲ့သည်။

အဆိုပါပင်လုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအား နေစရာအိပ်ဆောင်၊ စားစရိတ်၊ ကျောင်းစရိတ်များကို နိုင်ငံတော်မှ စရိတ်ကျခံ၍ တက္ကသိုလ်ဘွဲ့ရပြီးလုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ နိုင်ငံတော်၏စေတနာဖြင့် ပညာသင်ကြားပေးမည်ဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်တွင် ရှင်မပြုရသေးသည့် ကျောင်းသားများအား ရှင်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်

**တွံတေး မေ ၁၄**

၂၀၁၄- ၂၀၁၅ ပညာသင်နှစ် နွေစားလပေး ဆရာ၊ ဆရာမများ၏အရည်အသွေးတိုးတက်မြင့်မားလာစေရေးအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အမှတ်(၁) အခြေခံအထက်တန်းကျောင်း၌ မေ ၄ ရက်မှစတင်၍ သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိကြောင်းသိရသည်။

သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးငွေသူရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်း၌ မြို့နယ်အတွင်းရှိ ဘွဲ့ရမူလတန်းပြများ၏ သင်းကြားမှုအရည်အချင်းမြင့်မားလာသည့်အပြင် ဒေသခံပြည်သူများ၏ ရင်သွေးများဖြစ်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အရည်အချင်းပြည့်မီစွာ သင်ကြားလာနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ယင်းသင်တန်းမှ တာဝန်ရှိသူ သင်တန်းမှူးတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်ဦးဆောင်ကာ ဆရာ၊ ဆရာမ ၁၃ ဦးက မေ ၄ ရက်မှ ဇွန် ၈ ရက်အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်းသိရသည်။

ထိုသင်တန်း၌ တွံတေးမြို့မှ ၂၆၄ ဦး၊ ဒလမြို့နယ်မှ သုံးဦး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်မှရှစ်ဦး စုစုပေါင်း ၃၀၅ ဦးကို သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ယာဉ်မတော်တဆမှုခရီးသွားအာမခံလျော်ကြေးပေးအပ်

**မန္တလေး မေ ၁၄**

ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ခရီးသွားအာမခံလျော်ကြေးပေးအပ်ပွဲကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း ရတနာစိုးမော်တော်ယာဉ်အသင်းကားဂိတ်တွင်ကျင်းပရာ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၊ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာမခံလုပ်ငန်းများမှ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် အဝေးပြေးခရီးစဉ်များတွင် လက်မှတ်တစ်စောင် တစ်ယူနစ် ကျပ် ၃၀၀ ဖြင့် လက်မှတ်ဝယ်ယူစဉ်ရောင်းချပေးခဲ့ပြီး ခရီးသွားစဉ် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးဖြစ်စဉ်များတွင် လျော်ကြေးပေးလျက်ရှိသည်။

ပြီးခဲ့သည့် မေ ၆ ရက် ည ၉ နာရီက မန္တလေးမြို့မှ ထွက်ခွာလာသော ရတနာစိုးခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်သည်ရန်ကုန်-မန္တလေးလမ်းဟောင်းစက်မှုလယ်ယာရုံးရှေ့၌ ကျောက်ပန်းတောင်းမှ မောင်းနှင်လာသော မျိုးဆက်သစ်ယာဉ်လိုင်းမှ ခရီးသည်တင်မှန်လုံယာဉ်နှင့်မျက်နှာချင်းဆိုင်တိုက်မိရာ ရတနာစိုးယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းမှ ဒုတိယမန်နေဂျာ ဦးမျိုးသန့်ဇော်ကထိခိုက်ဒဏ်ရာရရှိ သူများအတွက် ဆေးကုသစရိတ်ကျပ် ၁၆၄၀၀၀၀ကို ပေးအပ်ခဲ့သည်။အလားတူမေ ၁၂ ရက်ကလည်းခရီးသွားအာမခံဝယ်ယူစီးနင်းခဲ့ပြီး ယာဉ်မတောတဆမှုတွင် ဘယ်ဘက်ခြေသလုံးကျိုးဒဏ်ရာရရှိသူခရီးသည်ဦးဝဏ္ဏလွင်ကို မိတ္ထီလာဆေးရုံသို့သွားရောက်၍ဆေးကုသစရိတ်ကျပ် ၇၂၀၀၀၀ပေးအပ်ခဲ့သည်။

**သီဟကိုကို(မန္တလေး)**



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မေ ၈ ရက် ညနေ ၃ နာရီက လွိုင်လင်မြို့မဈေးကြီးရှေ့ နာရီစင်အနီး၌ ခရိုင်ဦးစီးမှူး ဦးချစ်ဝင်းနှင့် ဝန်ထမ်းများက မော်တော်ဆိုင်ကယ်စီးနင်းသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနေစဉ်။

သတင်းနှင့် ဓာတ်ပုံ - မိုးလွင်ဦး (လွိုင်လင်)

ပျော်ပျော်ရွှင်ရွှင်ဉာဏ်စမ်းပညာ

ဆရာဘိုကြီး

ကလေးငယ်များအားလုံးအတွက် သင်္ချာအထောက်အကူပြု ဉာဏ်စမ်းပဟေဠိများကို အထူးစီစဉ်ထားပါသည်။ ဤဉာဏ်စမ်းပဟေဠိများကို လေ့လာခြင်းအားဖြင့် ဦးနှောက်ကို လန်းဆန်းစေခြင်း၊ စိတ်မှတ်ခွန်အားအတွက် လေ့ကျင့်မှုရခြင်း အထောက်အကူအပြုစေပါသည်။ ဤစာအုပ်လေးတွင် Level (၁၀)ခန်းပါဝင်ပါသည်။

ဝယ်ယူရရှိနိုင်သော သင်္ချာစာအုပ်ကောင်းများ

မဉ္ဇူမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

ဓရောဂါမျိုးစုံအတွက်မြန်မာ့ရိုးရာအိမ်တွင်းဆေးနည်းများ

ပေါက်ပေါက်

အစာမကြေ ရင်ပူခြင်းအတွက် အိမ်တွင်းဆေးနည်း၊ ငှက်ပျောသီးမျိုးစုံ၏ အာနိသင်အဖုံဖုံ၊ ဦးနှောက်ကိုကောင်းကျိုးပြုစေတဲ့ အကောင်းဆုံးအစားအစာများ၊ (၃)ရက်အတွင်းအဆုတ်သန့်နည်း၊ ငါးအမျိုးစုံ အာနိသင်အဖုံဖုံ၊ ခေါင်းကိုက်ဝေဒနာအတွက် စိတ်မညစ်နဲ့၊ အပူလောင်ခြင်းအတွက် အကောင်းဆုံး ဆေးမြီးတို၊ ဆေးဖက်ဝင်ကြာပန်းလေးများအကြောင်း၊ အမျိုးသမီးဝေဒနာအတွက် အကောင်းဆုံးဆေးမြီးတိုများ၊ အရေပြားပေါ်ရှိအဖုအပိန့်အကွက်များအတွက် ဆေးမြီးတိုများ၊ စိတ်မြန်မြန်ကျချင်ပါသလား၊ အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းအကြောင်း... စသည့် ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးကောင်းများ

စာရေးသူ၏ ရေးသားထားသော (၁)ကျန်းမာရေးအတွက် လက်တစ်ကမ်းမှ ဆေးဖက်ဝင်သီးနှံများ (၁၊ ၂)၊ (၂) သက်ရှည်ကျန်းမာ အသက်(၁၀၀) နေလိုလျှင် (၁၊ ၂)၊ (၃) တပင်တိုင်မြန်နန်းအစွမ်း အုံမခန်းနှင့် ဆေးဖက်ဝင်အပင်များ၊ (၄) အသည်းရောင်အသားဝါဘီပိုးစီပိုးအကြောင်းနှင့် ကျန်းမာရေးသိမှတ်ဖွယ်ရာအဖြာဖြာစာအုပ်များပါ ဝယ်ယူရရှိနိုင်ပါသည်။

မဉ္ဇူမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

လေ ယာဉ် ပျံ လက် မှတ် ကို လံ ဘတ်(စ်)

ဘဏ်မှငွေပေးချေသည့်စနစ်ဖြင့်လေယာဉ်လက်မှတ်ဝယ်ယူပြီး TG လက်မှတ်ကံစမ်းခွင့်များ ရယူလိုက်ပါ။

မည်သည့်ပြည်ပလေယာဉ်လက်မှတ်မဆို သင့်ရဲ့ CB/KBZ mobile banking (သို့) အနီးဆုံးဘဏ်ခွဲများမှငွေပေးချေပြီးဝယ်သူတိုင်း TG လက်မှတ်ကံစမ်းနိုင်မည့်အခွင့်အရေး

ငွေလွှဲခ အခမဲ့
5 May-20 Jun 2015
Budget Airlines နှင့် Domestic Ticket များ မပါဝင်ပါ

229245, 216245, 378535, 378549
columbuspromotion@gmail.com
09 976330878, 09 261007319
columbustravelsandtours
COLUMBUS TRAVEL

CHAW CHAW SILK & LUXURY FASHION
SUMMER SALES PROMOTION
'ချောချော' နွေရာသီအရောင်းမြှင့်အစီအစဉ်

- Myanmar Traditional Handmade 'Acheik'
- European and Asian Laces
- Various Thai Silk
- Various Japanese Silk
- Various Myanmar Silk, Silk Cotton and Cotton

Date : $15^{th}$ to $17^{th}$ May 2015 (Friday to Sunday)
Time : 9:00 am to 6:30 pm
Address : 241, Dhammazedi Road, Bahan Township, Yangon

UP TO 60% DISCOUNT

Ph : +951 542997, +951 701393, +951 559124, +959 5015946

# နတ်မောက်တွင် အကျိုးပြုသီးနှံ စိုက်စနစ်ပုံစံကို ပိုမိုရွေးချယ် စိုက်ပျိုးရန်ပြင်ဆင်

**နတ်မောက် မေ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် စိုက်ပျိုးရေးတောင်သူများမှာ ယခင်နှစ်အခက်အခဲများကြောင့် ယခုနှစ်တွင် သီးနှံစိုက်တောင်သူများအနေဖြင့် သီးနှံရွေးချယ်စိုက်ပျိုးရာတွင် ဈေးကွက်ဝင်တစ်ခုတည်းကို မျှော်မှန်းစိုက်ပျိုးခြင်းထက် မိမိဒေသ၏ ရာသီဥတု ရေမြေသဘာဝအရ ရေငတ်ခံပြီး သက်တမ်းတိုသည့် သီးနှံမျိုးကွဲများနှင့် အကျိုးပြုသီးနှံစိုက်စနစ်ပုံစံကို ပိုမိုရွေးချယ်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်တွင် မိုးဦးအဝင်နောက်ကျခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ မိုးဦးနှမ်းစိုက်တောင်သူအများစု အထွက်နှုန်း ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရသည်။

မြေအမျိုးအစားအလိုက် သီးနှံစိုက်ပုံစံများ ကွာခြားချက်ရှိပြီး အဓိကအားဖြင့် စိုက်ပျိုးရေ ရရှိနိုင်မယ့်အပေါ် အခြေခံပြီး ဒေသရေမြေနဲ့ ကိုက်ညီဖြစ်ထွန်းမည့် သီးထပ်သီးညှပ် စိုက်စနစ်ပုံစံတွေကို ပိုမိုအလေးထားဆောင်ရွက်နိုင်ရေး ပညာပေးဆွေးနွေးခြင်း၊ အကျိုးဆောင်တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် တောင်သူများအနေဖြင့် ကျေးရွာအုပ်စုအလိုက် သင့်တော်သည့် သီးနှံစိုက်ပုံစံနှင့် သီးနှံမျိုးကွဲများ ပိုမိုမှာယူစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လာရောက်ဆွေးနွေး တိုင်ပင်မှုများပိုမိုဆောင်ရွက်လာကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

ဒေသလိုအပ်ချက် သီးနှံမျိုးကွဲများအား စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဌာနမှတစ်ဆင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် မျိုးကွဲများရှိသကဲ့သို့ အခြားဒေသများမှ တစ်ဆင့်မှာယူတင်သွင်းဖြန့်ဖြူးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးဇော်လင်းက ဆက်လက်ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် အဓိကလုပ်ငန်းများအပေါ် လုပ်ငန်းကဏ္ဍအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသနေတောင်သူများထံ အရောက်ဒေသဆိုင်ရာ ရေမြေသဘာဝအချက်အလက်များကို သိရှိပညာပေး ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဒေသနေသီးနှံစိုက် တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးဆိုင်ရာအသိပညာများအား ယခုကဲ့သို့ လာရောက်ဆွေးနွေးခြင်းများပြုလုပ်ခြင်းဖြင့် ပိုမိုအကျိုးပြုဖြစ်ထွန်းစေနိုင်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

တောင်သူများအနေဖြင့် မိုးဦးစောစောမျှော်၍ မိုးလယ်ကောင်းမှသာ မိုးကောင်းသောက်လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်း ပိုမိုဖြစ်ထွန်းအောင်နိုင်မည်ဖြစ်ကြောင်း၊ မိုးလေဝသရာသီဥတုသည် မြန်မာနိုင်ငံသာမက ကမ္ဘာနှင့်အဝှမ်း ဖောက်ပြန်ပြောင်းလဲနေခြင်းအပေါ် ပူးပေါင်းထိန်းသိမ်းသွားကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

**ဥမ္မာခင်**

## သထုံခရိုင်တွင် မီးသတ်တပ်ဖွဲ့ဝင်များ ရေအခက်အခဲဖြစ်ရာ နေရာဒေသများသို့ရေလှူဒါန်း

**သထုံ မေ ၁၄**

ယခုနှစ် နွေရာသီကာလမှာ ယခင်နှစ်များထက် အပူချိန်ပိုမိုမြင့်မားပြီး ဒေသအချို့တွင် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

သထုံခရိုင် မီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်များဖြင့် ရေအခက်အခဲဖြစ်ရာ သောက်သုံးရေရှားပါးသည့် ဒေသများသို့ လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

"သထုံခရိုင်မှာရှိတဲ့ သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်တွေက မီးသတ်စခန်းတိုင်းသူတို့မြို့နယ်အလိုက် အခက်အခဲဖြစ်တဲ့နေရာတွေကို လိုက်လှူပေးနေပါတယ်။ သထုံမြို့နယ်မှာတော့ အဓိကရေအခက်အခဲဖြစ်တဲ့ လိပ်အင်းရပ်ကွက်၊ မွန်စု၊ အောက်ကျင်းရပ်ကွက်၊ ကန်ညီနောင် အစရှိတဲ့နေရာတွေ အတော်များများကို လိုက်လှူနေတာ အတော်ကြာပါပြီ။ ဆက်ပြီးလည်း ဒီလိုရေရှားပါးတဲ့နေရာတွေကိုလှူဒါန်းသွားပါဦးမယ်" ဟု ခရိုင်မီးသတ်ဦးစီး အရာရှိ ဦးအောင်ကြင်ထွန်းက ပြောသည်။

အဆိုပါနေရာများကို ဌာနပိုင် ရေသယ်ယာဉ်များဖြင့် တပ်ဖွဲ့ဝင်များစုပေါင်းကာ လိုက်လံလှူဒါန်းခြင်းဖြစ်ပြီး သထုံမြို့နယ်အတွင်း ရေရှားပါးရာနေရာများတွင် အခြားသော လူမှုရေးအဖွဲ့အစည်းများကလည်း နေ့စဉ်လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**



# မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် စက်မှုလယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ရွေ့တန်းစခန်းဖွင့်လှစ်၍ ဆောင်ရွက်သွားမည်

**သာစည် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အမှတ် ၂၆ စက်မှုလယ်ယာစခန်းသာစည်မြို့မှ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်အတွက် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများကို ရွာကြီးကျေးရွာအုပ်စုမှစတင်၍ ရွေ့တန်းစခန်းများ ဖွင့်လှစ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို မေ ၁၂ ရက် နံနက် ၈ နာရီက ရွာကြီးကျေးရွာ၌ ပြုလုပ်သော တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်ကျော်က ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဦးစီးမှူးက ဆက်လက်ပြောကြားရာတွင် ထယ်ထိုး၊ ထွန်မွှေ၊ ရိတ်သိမ်းခြွေလှေ့လုပ်ငန်းသုံး စက်ကိရိယာများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါက တောင်သူများအား အခမဲ့သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်းနှင့် စက်ကိရိယာများလုပ်ငန်းခွင်တွင် ချို့ယွင်းပျက်ဆီးပါက ဌာနမှ အခမဲ့ပြင်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး၊ ခရိုင်စက်မှုလယ်ယာ ဦးစီးဌာနမှူးဦးတင်မောင်ကြည်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်သူ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့သည်။ **ထွန်းထွန်း(သာစည်)**









## ဧရာဝတီလင်းပိုင်

ယမန်နေ့မှအဆက်



ကမ္ဘာပေါ်တွင် ပထမဆုံးသော ဧရာဝတီလင်းပိုင်မျိုးစိတ်ကို ဆာရစ်ချတ်အိုဝင်က ၁၈၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေရှိ ဝိစာခပတ်နမ်ဆိပ်ခံ (Harbour of Visakhapatnam) အနီးတွင် တွေ့ရှိခဲ့ကြောင်းကို ၁၈၆၆ ခုနှစ်တွင် အစောဆုံး မှတ်တမ်းတင်ခဲ့သည်။ မြန်မာနိုင်ငံတွင်မူ ၁၈၇၁ ခုနှစ်မှ ၁၈၇၉ ခုနှစ်အတွင်း အင်္ဂလိပ်လူမျိုး သဘာဝသိပ္ပံပညာရှင် ဂျွန်အန်ဒါဆင် (Naturalist John Anderson) သည် ဧရာဝတီမြစ်ရိုးတစ်လျှောက် သုတေသနခရီးထွက်ခဲ့စဉ် နှုတ်သီးဝိုင်း၊ မီးခိုးရောင်လင်းပိုင်များကို ဧရာဝတီမြစ်အတွင်း ပထမဆုံးတွေ့ရှိခဲ့သည်။ အန်ဒါဆင်သည် လန်ဒန်မြို့သို့ပြန်လည်ရောက်သောအခါ သူ၏ တွေ့ရှိခဲ့မှုများကို (Description of a new cetacean from the Irrawaddy River, Burma) အမည်ရှိ စာတမ်းတစ်စောင်ကို လန်ဒန်သတ္တဗေဒအသင်းကြီးသို့ တင်သွင်းခဲ့သည်။ သူ၏စာတမ်းတွင် သူတွေ့ခဲ့ရသော လင်းပိုင်များကို ဧရာဝတီလင်းပိုင်ဟု သုံးစွဲဖော်ပြခဲ့ရာမှ ယင်းလင်းပိုင်မျိုးစိတ်များသည် ဧရာဝတီလင်းပိုင်ဟု အမည်တွင်ခဲ့သည်။ နောက်ပိုင်းတွင် အခြားနိုင်ငံများတွင်တွေ့ရှိခဲ့သည့် မျိုးတူလင်းပိုင်များကိုလည်း ဧရာဝတီလင်းပိုင်ဟုပင် ခေါ်ဆိုခဲ့ကြသည်။

ပါမောက္ခ လုစ် (G.H Luce) သည် ၁၉၃၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၌ Ancient Pyu ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ရေးသားခဲ့ရာ တန်မင်းဆက်သမိုင်းသစ်မှ ပျူလူမျိုးများနှင့်ပတ်သက်၍ ဆက်စပ်ရေးသားထားသည့် စာပိုဒ်တစ်ပိုဒ်တွင် ဧရာဝတီလင်းပိုင်ကို မြစ်ဝက် (River Pig) ဟု ဖော်ပြထားသည်ကို ကောက်နုတ်ဖော်ပြ ရေးသားခဲ့သည်။ ယင်းအချက်ကိုထောက်ထား၍ ဧရာဝတီလင်းပိုင်များသည် ပျူလူမျိုးများရှိခဲ့သည့် လွန်ခဲ့သောနှစ်တစ်ထောင်ကျော်ကတည်းက ဧရာဝတီမြစ်အတွင်း ရှိနေကြောင်း သိနိုင်ခဲ့ကြသည်။

ဧရာဝတီလင်းပိုင်များကို မြန်မာနိုင်ငံတွင်သာမကအိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ် ပင်လယ်ကမ်းအနီးရှိ ချီလ်ကာရေအိုင် (Chilka Lagoon)၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘော်နီယိုကျွန်းရှိ မဟာကန်မြစ် (Mahakan River) နှင့် ထိုင်းနိုင်ငံရှိ ဆွန်ကလာကန် (Songkla Lake) အပြင် မဲခေါင်မြစ် အတွင်း၌လည်း တွေ့မြင်နိုင်ကြသည်။ ဧရာဝတီလင်းပိုင်များကို အန်ဒါဆင်တွေ့ခဲ့စဉ်က ရေနံချောင်းနှင့် ဗန်းမော်မြို့အကြားတွင် တွေ့ရှိခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါတွင်မူ မင်းကွန်းအထက်ပိုင်း ဧရာဝတီမြစ်ရိုးတွင်သာ တွေ့ရှိနိုင်ကြပေသည်။

မင်းကွန်းမှ ဗန်းမော်အထိ ဧရာဝတီမြစ်ရိုးသည် ၂၇၅ မိုင်မျှ ရှည်လျားပြီး ထိုနေရာတစ်လျှောက်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့က ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေအဖြစ် အပိုင်းခြောက်ပိုင်းသတ်မှတ်ထားသည်။ ဗန်းမော်မှ မင်းကွန်းအကြား ဧရာဝတီမြစ်ကြောင်း၌ (၁) ဗန်းမော်အထက်ရှိ မြစေတီရွာမှ စင်ခန်းအထိ၊ (၂) စင်ခန်းမှ ရွှေကူမြို့အနီး ဒုတိယမြစ်ကျဉ်းအထိ၊ (၃) ဒုတိယမြစ်ကျဉ်းမှ တကောင်းအထိ၊ (၄) တကောင်းမှ စမွနကိုအထိ၊ (၅) စမ္မာနကိုမှ ကျောက်မြောင်း၊ တတိယမြစ်ကျဉ်းအထိ၊ (၆) ကျောက်မြောင်းမှ မင်းကွန်းအထိ ဖြစ်သည်။

ယင်းအပိုင်း ခြောက်ခုအနက် ကျောက်မြောင်းနှင့် မင်းကွန်းအကြားတွင် ဧရာဝတီလင်းပိုင်တို့ အများဆုံးနေထိုင်ကျက်စားလျက်ရှိပြီး ထိုနယ်မြေတွင် လင်းပိုင်အရေအတွက် အကောင် ၂၀ မှ ၂၃ ကောင်အထိ အမြဲနေထိုင်လျက်ရှိသည်။ ထို့ကြောင့် ၄၆ ဒသမ ၂၅ မိုင်ရှည်လျားသော ကျောက်မြောင်းနှင့် မင်းကွန်းအကြား နယ်မြေအမှတ်(၆)ကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး အဓိကဧရိယာအဖြစ်သတ်မှတ်ကာ ဧရာဝတီလင်းပိုင်များအား စောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိသည်။တရားမဝင် ဖမ်းဆီးသတ်ဖြတ်မှုများ၊ ဘက်ထရီရှော့တိုက်မှုများ မရှိစေရန် ကြပ်မတ်ပေးလျက်ရှိသည်။ သို့တိုင်အောင်ပင် လွန်ခဲ့သောလအနည်းငယ်က သေဆုံးနေသော ဧရာဝတီလင်းပိုင်နှစ်ကောင်ကို တွေ့ခဲ့ရပေသည်။

ထူးခြားလှသည့် ဧရာဝတီလင်းပိုင်တို့၏ ရေလုပ်သားများနှင့် ပူးပေါင်းငါးရှာကြပုံများကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ဂျပန်နိုင်ငံမှ (NHK) သတင်းဌာနနှင့် ဂျာမနီနိုင်ငံရုပ်သံဌာနများက လာရောက်ရိုက်ကူးကာ ထုတ်လွှင့်ပြသခဲ့သဖြင့် ကမ္ဘာအနှံ့ ထင်ရှားလာခဲ့သည်။ နိုင်ငံတကာမှ လင်းပိုင်ချစ်သူများ၊ လေ့လာစောင့်ကြည့်သူများ အလွန်စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

တစ်ချိန်က အကောင်ရေများစွာရှိနိုင်ခဲ့သည့် ဧရာဝတီလင်းပိုင်များသည် ၂၀၁၄ ခုနှစ် စစ်တမ်းများအရ ကောင်ရေ ၇၀ ဝန်းကျင်သာရှိတော့သည်။ အလွန်ဆန်းကြယ်စွာ ရေလုပ်သားများနှင့်အတူ ငါးရှာ၊ ငါးဖမ်းကြသည့် ဧရာဝတီလင်းပိုင်များ မျိုးတုံးပျောက်ကွယ်သွားမှုမရှိစေရန် ဆောင်ရွက်နေချိန်တွင် ဒေသခံများက ဧရာဝတီလင်းပိုင်များအပေါ် တန်ဖိုးထား ချစ်မြတ်နိုးကြရန်လည်း အရေးကြီးလှပေသည်။ ကမ္ဘာပေါ်တွင် ထူးခြားသည့် လင်းပိုင်မျိုးစိတ်တစ်ခုဖြစ်သည့် ဧရာဝတီလင်းပိုင်များကို စောင့်ရှောက်မှုပြုခြင်းဖြင့် လင်းပိုင်ကြည့် ခရီးသွားလုပ်ငန်းသည် ယခုထက် ဖွံ့ဖြိုးတိုးတက်လာမည်သာ ဖြစ်ပေသည်။ **မောင်သာ(ရှေးဟောင်းသုတေသန)**

# မန္တလေးဆေးရုံကြီးတွင် အပူဒဏ်ကြောင့် ရောဂါဖြစ်ပွားသော လူနာငါးဦး တက်ရောက်ကုသ

**မန္တလေး မေ ၁၄**

အပူရှိန်မြင့်မားနေသည့် မန္တလေးမြို့တွင် အပူဒဏ်ကြောင့် ရောဂါဖြစ်ပွားပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် မေ ၁၂ ရက်အထိ လူနာ ၅ ဦး တက်ရောက်ကုသနေကြောင်း သိရသည်။

အဆိုပါလူနာများအနက် အပူဒဏ်ကြောင့် ရိုးရိုးဖျားနာသူ ၃ ဦးနှင့် အပူဒဏ်လွန်ကဲမှုကြောင့် (Heat Shock) အပူရှပ်ဖြစ်ပွားသူ နှစ်ဦး စုစုပေါင်း ၅ ဦး ကုသနေပြီး ယခုအချိန်တွင် ဝေဒနာသက်သာနေပြီဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောသည်။

"အပူဒဏ်ကြောင့်ဖြစ်ပွားတဲ့ ရောဂါနှစ်မျိုးရှိပါတယ်။ မူလရောဂါအခံရှိပြီး အပူရှိန်ကြောင့်ဖြစ်ပွားတဲ့ ရိုးရိုးဖျားနာတဲ့လူနာရယ်၊ အပူရှိန်လွန်ကဲပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့ အပူရှပ်ရောဂါဖြစ်ပွားတဲ့လူနာဆိုပြီး ရှိတယ်။ ရိုးရိုးဖျားနာတဲ့လူနာကိုတော့ ရေပတ်တိုက်ပေးရုံနဲ့ ကုသလွယ်သလို အပူရှပ်လူနာကိုတော့ အရေးပေါ်လူနာအဖြစ် ရေခဲရေနဲ့ တောက်လျှောက်ရေချိုးပေးပြီး ခန္ဓာကိုယ်အပူချိန်ထိန်းနိုင်တဲ့အထိ ကုသပေးပြီးဆေးသွင်းကုသပေးရပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ မေ ၁၃ ရက်အထိ အပူဒဏ်ခံလူနာ ၅၅ ဦး တက်ရောက်ကုသပြီး ၃ ဦးသေဆုံးသွားခဲ့ပေမယ့် ဒီနှစ်မှာတော့ ယခုအချိန်အထိ ဖြစ်ပွားသူနည်းပါးပြီး သေဆုံးသူလည်း မရှိသေးပါဘူး။

"ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူတွေ ကျန်းမာရေးဗဟုသုတရှိလာပြီလို့ ပြောလို့ရပါပြီ။ အခုဆိုရင် အပူချိန်က ၄၃ ဒီဂရီဖာရင်ဟိုက်အထိ ရှိနေတာကြောင့် ကျန်းမာရေးဌာနကထုတ်ပြန်တဲ့ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်တွေအပြင် မိုးဇလက နေ့စဉ်ထုတ်ပြန်တဲ့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းနဲ့ နေ့စဉ်ဖြစ်ပေါ်နေတဲ့ အပူချိန်အခြေအနေတွေကို အလေးထားဖတ်ရှုပြီး အသက်အန္တရာယ်အတွက် အပူရှပ်ဝေဒနာမဖြစ်အောင် ဘယ်လိုနေထိုင်ရမယ်၊ ဘာတွေရှောင်ကြဉ်ရမယ်ဆိုတာတွေ သိရှိလိုက်နာလာကြလို့ အပူရှပ်လူနာနည်းပါးသွားခြင်းဖြစ်ပါတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

မန္တလေးဆေးရုံကြီးမှ ကြိုတင်ပြင်ဆင်ထားမှုများအနေဖြင့် အရေးပေါ်လူနာကုသဆောင်တွင် ဝန်ထမ်း ၁၀၀ ကျော် တာဝန်ချထားခြင်း၊ ဆေးဝါးများအလုံအလောက်ဖြည့်တင်းထားရှိခြင်း၊ လူနာများကိုကုသပြီး သက်သာလာပါကလေဝင်လေထွက်ကောင်းပြီး သက်သာချောင်ချိစွာနေထိုင်နိုင်မည့် အခန်းများကို စီစဉ်ထားရှိပေးခြင်း၊ ရေခဲများ အလုံအလောက်ဖြစ်စေရေးအတွက် စီစဉ်ထားရှိခြင်း၊ ဆေးရုံကြီးနှင့် ပြင်ပလူမှုကူညီရေးအသင်းများမှ လူနာတင်ယာဉ်များကိုလည်း စီစဉ်ထားခြင်းများကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြောင်း သိရသည်။ **အောင်ရဲသွင်**


## Cement Seminar ဖိတ်ကြားခြင်း

ကမ္ဘာ့ထိပ်တန်းဘိလပ်မြေစက်ရုံများ တည်ဆောက်ပေးနေသော၊ နှစ်ပေါင်း(၁၃၃)နှစ်တိုင်အောင် အတွေ့အကြုံနှင့် နည်းပညာများစွာရှိသော Denmark နိုင်ငံ FLSmidth A/S နှင့် မြန်မာနိုင်ငံမှ Native Power Technology Co.,Ltd. တို့ပူးပေါင်း၍ မန္တလေးမြို့၌ "FLSmidth Products and Services"ခေါင်းစဉ်ဖြင့် Seminar တစ်ရပ်အား မေလတွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ စိတ်ပါဝင်စားသော ဘိလပ်မြေစက်ရုံ တည်ဆောက်ထားသည့်လုပ်ငန်းရှင်များ ကြုံတွေ့နေရသော နည်းပညာဆိုင်ရာအခက်အခဲများ၊ စက်ပစ္စည်းများ၏အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်များ၊ စက်ရုံတည်ဆောက်ဆဲလုပ်ငန်းရှင်များ၊ စက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသော လုပ်ငန်းရှင်များအတွက် မှန်ကန်သော Technology နှင့် ငွေကြေးလိုအပ်ချက်များရရှိနိုင်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော လုပ်ငန်းရှင်များအား အဆိုပါပွဲတွင် သီးခြားအပြန်အလှန်ပွင့်လင်းစွာ ဆွေးနွေးအဖြေရှာနိုင်ရန် ရည်ရွယ်ပြီး ဖိတ်ကြားအပ်ပါသည်။


(လူဦးရေကန့်သတ်ထားပါသည်။)

ဆက်သွယ်ရန်ဖုန်း-၀၁-၅၆၀၉၈၆၊ ၅၆၆၁၈၇(ရုံးချိန်အတွင်း ဆက်သွယ်ရန်)









## အရှင်အရဟံကျေးဇူးတော်ကောင်းဆုဝေ ဗုဒ္ဓသာသနာပြုကျောင်းတိုက်

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ**

"ကောင်းဆုဝေ ဗုဒ္ဓသာသနာပြုကျောင်းတိုက်"၌ ပထမကြီးတန်းအောင်ပြီးသူများနှင့် ဓမ္မာစရိယဘွဲ့ရပြီး ရဟန်းသာမဏေများကို 'ရေး ဖတ် ပြော နားလည်' အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု (၄)မျိုးလုံးကိုကျောင်းနေသံဃာအဖြစ်လက်ခံပြီး (၆)လပိုင်းမှ (၃)လပိုင်းထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။ (ကဆုန်လဆန်း၁ရက်) ၁၈-၄-၂၀၁၅ရက်မှစ၍ ဝင်ခွင့်များလာရောက်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၇၆၉၅၉**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၈/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-009(15-16) | Electrical Spares for HDD Rig (46) Items | US$ |
| (၂) | IFB-010(15-16) | Spares for Cooper Well Servicing Unit (11) Items | US$ |
| (၃) | IFB-011(15-16) | Spares for Rig Engine/Rig Pump Ex HDD Rig(16) Items | US$ |
| (၄) | IFB-012(15-16) | Casing Lines (3)Items | US$ |
| (၅) | IFB-013(15-16) | Spares for National Drive Group Ex NAT-55 Drilling Rigs (3) Items | US$ |
| (၆) | IFB-014(15-16) | Spares for Kenworth Trucks (6) Items | US$ |
| (၇) | DMP/L-004(15-16) | 33KV Current Transformer for GCB(5)Sets | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၅ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၊ နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ Ph.D သာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် (၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်) ၁၅-၅-၂၀၁၅ရက်(သောကြာနေ့) အနန္တမေတ္တာကျောင်းလွတ်ပူဇော်အထူးတရားပွဲ ကောဝိဒါရာမကျောင်း၊ သိင်္ဂီရွှေဝါလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက-

ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉ သို့ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပုံစံနှုန်း(ကျပ်) |
|---|---|---|---|
| | | တိုင်းအမှတ်(၅)တောင်ငူ၊ | |
| ၁ | ၀၁(တင)/မမ/CE | - ပျဉ်းမနားဘူတာ အမှတ်(၁)လမ်းတွင် သံကူကွန်ကရစ်လောင်းခြင်းလုပ်ငန်း | ၅၀၀၀/- |
| ၂ | ၀၂(တင)/မမ/CE | - သာဝတ္ထိဘူတာ ရထားတွဲပေါ်အရောက် 1" x 1½" အရွယ်(စက်ခွဲ) လမ်းခင်းကျောက် (၁၅၀၀)ကျင်း ဝယ်ယူခြင်း | ၅၀၀၀/- |
| ၃ | ၀၃(တင)/မမ/CE | - မြို့လှဘူတာ ရထားတွဲပေါ်အရောက် 1" x 1½" အရွယ်(စက်ခွဲ) လမ်းခင်းကျောက် (၁၅၀၀)ကျင်း ဝယ်ယူခြင်း | ၅၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် ၁၂ . ၆ . ၂၀၁၅ (သောကြာနေ့) (၁၆.၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၁ . ၅ . ၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ အင်ဂျင်နီယာမှူး(မြို့ပြ)အင်ဂျင်နီယာဌာန၊ တိုင်း(၅)တောင်ငူ၊ပျဉ်းမနား၊ဖုန်း ၀၅၄-၂၃၀၁၆၊၀၅၄-၂၃၀၆၁၊၀၆၇-၂၂၀၇၇၊၀၆၇-၂၁၁၉၂

UK Degrees
STI MYANMAR UNIVERSITY
www.stiedu.net
School of Business
BA (Hons) Business
BA (Hons) Accounting and Finance
BA (Hons) Business Administration
MBA
School of Engineering
BEng (Hons) Civil Engineering
BEng (Hons) Architectural Engineering
BA (Hons) Interior Architecture
BSc (Hons) Construction Management

- အရည်အသွေးပြည့်သင်ကြားရေးနှင့်ဘက်စုံထူးချွန်သည့်ကျောင်းသားများအဖြစ် အစိကပျိုးထောင်ပေးပါသည်။
- STI မှသင်တန်းအောင်မြင်ပြီးသူများ၏အလုပ်အကိုင်ရရှိမှုနှင့်လစာရရှိမှုမှာအမြင့်မားဆုံးဖြစ်ပါသည်။
- ကျောင်းသားနှင့် မိဘများ၏ အားရကျေနပ်မှုအကောင်းဆုံး ရရှိထားပါသည်။
- STI မှအဆင့်မြင့်ဒီပလိုမာရရှိပြီးသူများ၊ HND, ABE အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ BA (Hons) ဘွဲ့နောက်ဆုံးနှစ် တက်ရောက်နိုင်ပါသည်။




Nelson English Language Centre
Enroll Now!



Pre-school (Age 3 to 5)
Young Learners
Adult ( Over 16 years old)
Sanchaung Township | Yankin Township | Bo Aung Kyaw Township
01 501947, 523680, 526311 | 01 8550727, 8550728 | 01 256517, 256516

LANCASTER Education Centre
၂၆-အေ (တတိယထပ်)နဝဒေးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၃၇၄၆၆၄၊ ၀၉-၇၃၀၉၇၄၆၆

နိုင်ငံခြားတွင်ကျောင်းသွားတက်ချင်သူများအတွက်
- Academic Reading and Writing Skills
- General English (Elementary – Intermediate )
- IELTS ( Foundation, Preparation, Exam Practice )
- IELTS ( Intensive )
- IGCSE ( English )

Starters, Movers, Flyers , KET, PET, Pre-FCE ( ဇွန်လဆန်းတွင်ဖွင့်မည် )

ဦးဇော်မင်းအောင်
B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea
ကိုရီးယားဘာသာစကားသင်တန်းကျောင်း

Centre (1) အမှတ် (၂၀၆) ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
သင်တန်းစမည့်နေ့ – 20. 5. 2015 (ဗုဒ္ဓဟူးနေ့)
သင်တန်းချိန် – 12 : 00 to 2 : 00 (PM)
သင်တန်းချိန် – 6 : 00 to 7 : 30 (PM)

Centre (2) သုခလမ်း ၊စက်ဘုပ္ပလမ်း(ကျောက်ပ်) ၊အရှေ့ပိုင်းတက္ကသိုလ်ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်။
သင်တန်းစမည့်နေ့ – 20. 5. 2015 (ဗုဒ္ဓဟူးနေ့)
သင်တန်းချိန် – 9 : 00 to 11 : 00 (AM)

Ph. 09 450 048 814, 09 799 373 700, 09 425 292 545, 09 864 56 10

ကြော်ငြာ







**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုထွန်းဦး[၁၂/မဂတ(နေ)၀၀၀၂၉၀]၏ CDC (စာအုပ်အဟောင်း)၊ SSO , DSD, SID များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၄၄၇၅၃၅၀**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုအာကာထွန်း[၁၂/မဂတ(နိုင်)၀၉၁၃၂၉]၏ PP No. A-238453 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၁၃၀၆၂၇**




## တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနား

(၁၉၉၃-၁၉၉၄)မှစတင်၍ (၁၉၉၈-၁၉၉၉)ပညာသင်နှစ်အထိ **အ. ထ. က(၅) တာမွေ** ကျောင်းတော်ကြီးတွင် ပညာသင်ယူခဲ့သောသူငယ်ချင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် ကျေးဇူးရှင်ဆရာ၊ ဆရာမများအား ဂါဝရပြုကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၅:၀၀နာရီ
ကျင်းပမည့်နေရာ - **Sky Star Hotel**

t rw(51) (b-1) t a&jri;yiui;vr; wmarre , &euerl/

**ဆက်သွယ်ရန် -**

**ဆရာများ**
ဦးမောင်မောင်သန်း (၀၉-၄၂၁၀၂၈၅၄၀)
ဦးကျော်တင့် (၀၉-၄၂၀၁၀၀၃၉၉)

**ကျောင်းသားဟောင်းများ**
ဦးဇေယျာမျိုး (၀၉-၅၀၂၂၃၄၃)
ဦးရဲမင်းမြတ် (၀၉-၄၄၈၀၄၅၄၆၈)
ဦးရဲမင်းစိုး (၀၉-၄၅၀၀၆၅၈၅၄)
ဦးသိန်းဇော်မင်း (၀၉-၅၀၄၈၂၀၂)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ ကျောက်မျိုးစုံ၊ မြစ်သဲ၊ ကျောက်စရစ်၊ သစ်၊ အုတ်စသည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက် - ၁၅-၅-၂၀၁၅ရက် မှ ၂၆-၅-၂၀၁၅ရက် မွန်းတည့် ၁၂:၀၀နာရီထိ
(ခ) တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - ၂၆-၅-၂၀၁၅ရက် မွန်းလွဲ ၁:၀၀နာရီ
(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၁၅-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။
**ဖုန်း- ၀၅၆-၂၁၀၅၆**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်နေ့ရက်ကြေညာခြင်း

၁၀-၄-၂၀၁၅ရက် မှ ၁၄-၄-၂၀၁၅ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၌ အသစ်ဆောက်လုပ်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရမည့်နောက်ဆုံးရက်ကို မူလသတ်မှတ်ထားသည့် ၁၂-၅-၂၀၁၅ရက်အစား ၂၆-၅-၂၀၁၅ရက်သို့ ပြောင်းလဲသတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvsyezin.edu.mmတွင် ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ရန်ကုန်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တိုက်ကြီးမြို့နယ် တရားရုံးအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၁-၅-၂၀၁၅
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၂-၆-၂၀၁၅
(ဂ) တင်ဒါပုံစံတင်ရမည့်နေရာ - စီမံ/ထောက်ပံ့ဌာန ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
(ဃ) တင်ဒါပိတ်မည့်နေ့ရက် - ၂၅-၆-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
(င) တင်ဒါဖွင့်မည့်ရက် - ၂၅-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၂၁-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ စီမံ/ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊ စီမံ/ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၂၀၂၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ဗို့အားမြှင့်အထောက်အကူပြုပစ္စည်း (33 KV Capacitor Bank) (၃)မျိုး
(ခ) ခွေးအဆိပ်ဆေး(Strychnine Hydrochloride) (60)kg

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၅-၂၀၁၅ရက် ၁၆း၀၀နာရီ ဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**မိဘ အမည်မှန်**

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး(အလက) သတ္တမတန်း(B)အောင်မှ မဒိန်ရမေဆန်းရမ်၏ မိဘအမည်မှန်မှာ ဦးဒီးရမ်နှင့် မတန်ရနန်ဇီဖြစ်ပါသည်။

## INVITATION FOR OPEN TENDER(3/2015)
## [ TENDER NO. MPPE/JET A1/T/1(2015-2016)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1(282,000 bbl± 10%)
2. Tender Closing Date &Time - 26-5-2015,12:00 Hrs
3. Tender Opening Date & Time - 26-5-2015,13:00 Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise,Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand(Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Energy, No(6) Complex, Nay Pyi Taw
Contact Phone No.067-411487/ 411486/411280






ဆရာကောင်းမှ တပည့်ကောင်းမည်

## မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်း လိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည် ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင် ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူ ကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာ များအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

# ပညာနန်းတော် အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

- အဆောင်မှူး(ဘွဲ့ရ) ဆရာ၊ဆရာမများအလိုရှိပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

## မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံး ပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို ဖွန်လမှ ပေးပါ)

ဇွန် ၄ ရက် ဖွင့်မည်

မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577 605

ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649



**Vacancy Announcement**

Management Sciences for Health (MSH), subcontractor to the Partnership for Supply Chain Management (PFSCM), is seeking the positions for Regional Supply Chain Strengthening (RSCS) project in Magway, Ayeyarwady and Bago regions.

The following are the links to apply for the advertised positions in detail.

1. **RSCS Accountant (based in Yangon)**
   https://jobs-msh.icims.com/jobs/8230/rscs-accountant/job
2. **RSCS Regional Finance and Admin Officer (3 positions, one each in Magway, Ayeyarwaddy and Bago regions)**
   https://jobs-msh.icims.com/jobs/8229/rscs-regional-finance-and-admin-officer/job
3. **Driver (4 positions, one each in Yangon, Magway, Ayeyarwaddy and Bago regions)**
   https://jobs-msh.icims.com/jobs/8228/rscs-driver/job (or) CV can send to the office address: Room (3B), Aye Yeikthar Condo, Aye Yeikthar lane (2), New University Avenue Road, Bahan Township.

Please also contact email address: ythein@msh.org (or) phone: 01 122 2545, 557 947, 555 952 (ext: 8302) for any questions or problems in submitting the application through the links provided above.





ကမ်းလက်အစုံအား

ဖေးကူလှည့်ပါ

စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)

☎ ၀၉ ၂၅၄၁၀၉၂၆၇
၀၉ ၄၄၈၀၃၄၂၀၃

ထွက်ပြီ



Midea

နှစ်သစ်အချိန်ခါမှာ

Midea အဲကွန်းများကိုတပ်ဆင်ပြီး

နွေရာသီကိုဖြတ်သန်းကြပါစို့...



Showroom များတွင် ဝယ်ယူအားပေးသော Customer များသည် ဗလာမပါ ကံစမ်းမဲအား ကံစမ်းခွင့် ရရှိမည် ဖြစ်ပါသည် . . .

၁.၄.၂၀၁၅ မှ ၃၀.၆.၂၀၁၅ ရက် အထိသာ

Showroom (1) - ...
Showroom (2) - အမှတ် (F-120)၊ ... Junction Square ရန်ကုန်မြို့၊ ဖုန်း - ...
Showroom (3) - အမှတ် (F-12/13)၊ ... Junction 8၊ ... ရန်ကုန်မြို့၊ ဖုန်း - ...
Showroom (4) - အမှတ် (G-12)၊ ... ရန်ကုန်မြို့၊ ဖုန်း - ...
Showroom (5) - အမှတ် ...၊ ... ရန်ကုန်မြို့၊ ဖုန်း - ...
Showroom (6) - အမှတ် ...၊ ... ရန်ကုန်မြို့၊ ဖုန်း - ...


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
လူကြီးမင်း၏ ခရီးစဉ်ကို
GOLDEN CITY မှ ပို့ဆောင်ပေးသောအစီအစဉ်
ဧပြီလ (၁)ရက်နေ့ မှ မေလ (၃၁)ရက်နေ့ထိ
ပထမဆုံးအခန်းကြိုတင်စာရင်းပေးသွင်းသူ (၁၀)ဦးအတွက်သာ
8% Discount + US $ 3,000 Trip Package (or) Electronic Set Package
The First Unique Real Estate Project Won The "Green Asia Habitat Awards"
GOLDEN CITY
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Golden City Myanmar Website: www.glredcl.com Email: goldencity@glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးယူစိန်(ရေကြည်)

## အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ ဖခင်ဖြစ်သူ ဦးယူစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Octagon Automobile and Machinery Services Co.,Ltd.မိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးယူစိန်(ရေကြည်)

## အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ ဖခင်ဖြစ်သူ ဦးယူစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် စင်ကာပူနိုင်ငံ၊ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Shwe Taung Development Co.,Ltd.မိသားစု**

Hot Line No-0930500100

## ယနေ့မာတိကာ

လူသားတို့အတွက် လူ့စွမ်းရည်
စာမျက်နှာ - ၂

ချန်ပီယံလိဂ် နောက်ဆုံးပိုလ်လုပွဲ ဂျူဗင်တပ်နှင့် ဘာစီလိုနာ တွေ့
စာမျက်နှာ - ၁၃

ပညာပန်းများ ပွင့်လန်းဖို့ မော်ကွန်းတိုက်ကို အားထားစို့
စာမျက်နှာ - ၁၅

# ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ပူးပေါင်းပါဝင်ထိန်းသိမ်းပေးစေချင်



**မန္တလေး မေ ၁၄**

မြန်မာနိုင်ငံအတွင်းရှိယဉ်ကျေးမှု အမွေအနှစ်ဘုရားများ၏ရှေးဟောင်း သမိုင်းဗိသုကာအနုပညာလက်ရာများ မပျောက်ပျက်စေရန်အတွက် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို ဘုရားဂေါပကအဖွဲ့များကလည်း ပူးပေါင်းပါဝင်ထိန်းသိမ်းပေးစေလိုကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းသမိုင်းဝင်ဘုရားများရေရှည်တည်တံ့ခိုင်မြဲစေရန်လိုက်နာရမည့် စည်းကမ်းချက်များထုတ်ပြန်၍သက်ဆိုင်ရာဘုရားများရှိ ဂေါပကအဖွဲ့များထံ အသိပေးအကြောင်းကြားထားပြီးဖြစ်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပေးစေလိုကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးညို မြင့်ထွန်းက ပြောသည်။

"ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့သမိုင်း

**စာမျက်နှာ ၈ ကော်လံ ၅ သို့**




ထိုင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ယှဉ်ပြိုင်

**နေပြည်တော် မေ ၁၄**

၂၀၁၅ ခုနှစ် ပထမအကြိမ် အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ထိုင်း၊ တရုတ်နှင့် အိန္ဒိယအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ပြိုင်ပွဲတတိယနေ့ပွဲစဉ်များအဖြစ် အုပ်စု(က)တွင် ထိုင်းအသင်းက မော်လ်ဒိုက်အသင်းကို ၂၅-၂၃ မှတ်၊ ၂၅-၁၈ မှတ်၊ ၂၅-၁၅ မှတ်တို့ဖြင့် သုံးပွဲပြတ်၊ အုပ်စု(ခ)တွင် အိန္ဒိယအသင်းက ဖိလစ်ပိုင်အသင်းကို ၂၅-၁၉ မှတ်၊ ၂၅-၂၁ မှတ်၊ ၃၀-၂၈ မှတ်တို့ဖြင့် သုံးပွဲပြတ်၊ အုပ်စု(ဂ)တွင် တရုတ်အသင်းက ဩစတြေးလျအသင်းကို ၂၅-၂၃ မှတ်၊ ၂၂-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၂၀မှတ်ဖြင့် သုံးပွဲ-တစ်ပွဲအနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ မြန်မာအသင်းနှင့်ထိုင်းအသင်း၊ အုပ်စု(ဂ)မှ တရုတ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ အုပ်စု(ဃ)မှ ဂျပန်အသင်းတို့မှာ နောက်တစ်ဆင့်သို့တက်ရောက်ရန် အခြေအနေကောင်းလျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆော်ဒီအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ မော်လ်ဒိုက်နှင့်ထိုင်းအသင်းတို့ကို နှစ်ပွဲဆက်အနိုင်ရရှိထားသည်။

**(သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို)**

## ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အိမ်ခန်းပေါင်း ၃၃၃၅၉ ခန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အပြီးတည်ဆောက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် နေအိမ်အဆောက်အအုံမရှိသော ပြည်သူများအတွက် နိုင်ငံတော်အစိုးရက အိမ်ခန်းပေါင်း ၃၃၃၅၉ ခန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အပြီးတည်ဆောက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ တည်ဆောက်လျက်ရှိသော ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စီမံကိန်းခြောက်ခုမှာ ရောဝဏ်-ရတနာစီမံကိန်းတွင် လူနေအခန်းပေါင်း ၁၉၆၀၀ ခန်း၊ ကမ်းနား-ရွှေလီစီမံကိန်းတွင် ၁၃၉၈ ခန်း၊

**စာမျက်နှာ ၈ ကော်လံ ၂ သို့**

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ကိုယ်ပိုင်အထက်တန်းကျောင်း ၊ ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
ကြိုအပ် လက်ခံပါပြီ
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
Grade 11 Grade 10 Grade 9,8,7,6
အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း)
Grade 11
Grade 9
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

DECO-LAND
PAPER PLATES, PAPER LUNCH BOXES & PAPER CUPS(HOT/COLD)
DECO
Now Manufacture in Myanmar!
APOLO®
Available with customerized printing
HOT-LINE : 01 684284, 685961, 687729

themirror.npt@gmail.com
www.facebook.com/themirrordaily